# မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး

[rermE i i t p&icpm
E0i b m v 2019 cEp



LANDMINE & CLUSTER MUNITION MONITOR

2019 ခုနှစ် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးနှင့်
ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး
မြန်မာနိုင်ငံအစီရင်ခံစာများ

## အစီရင်ခံစာအကြောင်း

**မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့်ကြည့် လေ့လာရေးအဖွဲ့** သည် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း ဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ့အဂုမ်းလူသတ်မိုင်းများ ရှင်းလင်းပပျောက်ရေးအတွက် ၁၉၉၂ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည် နိုင်ငံပေါင်း(၇၀) နိုင်ငံတွင် ရှိသော အစိုးရမဟုတ်သောအဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရခဲ့သည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲလက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက် များကြောင့် အတိ ဒုက္ခရောက်မှုများကို ထာဝရ အဆုံးသတ်စေရန် စသည်တို့အတွက် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ကြီး ဖြစ်သည်။

**မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့** သည် ၁၉၉၇ခုနှစ် အိုတာဝါ သဘောတူစာချုပ်မိုင်း အသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်အား အကောင် အထည်ဖော်ခြင်းနှင့်ပတ်သက်၍ မှတ်တမ်းတင်သည်။ထို့အပြင် ***ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့*** သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင် အထည်ဖော် မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ် လာသည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၉ခုနှစ် နိုဝင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ့အစိုးရစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံပေါင်း ၁၆၄ နိုင်ငံက မြေမြှုပ်မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၂၀ က ထပ်ဆင့် ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါ အချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်း စစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင်တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိလေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အားလက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်းဖြစ်သည်။ မိမိတို့ အစီရင်ခံစာသည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမိုထင်သာမြင်သာဖြစ်လာစေရန်၊ လက်မှတ်ရေး ထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိ လာစေရန် အတွက်ရည်ရွယ် သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်း ကင်းစင်သော ကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိ နားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိ လာစေရန် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်းစေလို သည့် အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်း အချက်အလက်များအတွက်သာ ဦးတည်လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက်များ သာဖြစ်သည်။ ၂၀၁၉ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအစီရင်ခံစာအတွက် သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်း အချက်အလက်များပေးပို့ကြသည့် အဖွဲ့အစည်းအားလုံးနှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။ ယခုအကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန်အတွက်လည်း တောင်းဆိုလိုက်ပါသည်။burma@icblcmc.orgသို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်း အချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

---

**မျက်နှာဖုံးဓါတ်ပုံ**။ ။ ကျောက်ကြီးမြို့နယ် ကွက်ပြင်ရွာမှ မြေမြှုပ်မိုင်းထိသူတစ်ဦး အသက်မွေးဝမ်းကြောင်းအတွက် ကွမ်းသီးခွာနေပုံဖြစ်သည်။ ဓါတ်ပုံ ဇော်ဇော်ဦး/Humanity & Inclusion

**မြန်မာနိုင်ငံမြေမြှုပ်မိုင်းနှင့်**
**ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့**

www.the-monitor.org|

www.burma.icbl.org

CLUSTER MUNITION COALITION CMC

International Campaign to Ban Landmines
1997 Nobel Peace Prize Co-Laureate

## မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်ကို သဘောတူ လက်ခံထားသောနိုင်ငံတနိုင်ငံမဟုတ်ပေ။[1] မြန်မာနိုင်ငံသည်မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်ကိုထောက်ခံကြောင်း အချိန်အခါသင့်သလိုဖေါ်ပြပြောဆိုသော်လည်း လက်ခံကျင့်သုံးရန်အတွက် တစုံတရာ ဆောင်ရွက်ခြင်း မရှိသေးပေ။ မြန်မာ တပ်မတော်သည် လူသတ်မြေမြှုပ်မိုင်းများကိုအကန့်အသတ်နှင့်သာ အသုံးပြုနေသည်ဟု အခိုင်အမာ ပြောဆိုသည်။ (အောက်ပါ အခန်းကိုကြည့်ပါ။)

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သော မြေမြှုပ်မိုင်း အသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးတွင် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် 'ပထမဦးစားပေး' လုပ်ငန်းဖြစ်သည်ဟု ထပ်လောင်းပြောဆိုခဲ့သည်။ 'မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံများအား သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမရှိသေးသော နိုင်ငံများကို လိုအပ်သော နည်းပညာ အကူအညီများ ပို၍ ထောက်ပံ့ ကူညီပေးရန် တွန်းအားပေးလိုသည်။ ထိုမှသာ ၎င်းတို့အနေဖြင့် သဘောတူစာချုပ်တွင် မြန်မြန်ဆန်ဆန် ပါဝင်လာနိုင်ရန် အထောက်အကူဖြစ်စေမည်ဟု မိမိတို့ယုံကြည်ကြောင်း မြန်မာနိုင်ငံက ပြောဆိုခဲ့သည်။[2]

၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှအရာရှိတစ်ဦးက မြေမြှုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းနိုင်ငံတကာလှုပ်ရှားမှု(ICBL)အား အဓိကပါဝင်သူများ အထူးသဖြင့်စစ်တပ်သည် မိုင်းအသုံးပြုမှုများ တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်တွင် မြန်မာနိုင်ငံသဘောတူပါဝင်နိုင်ရေးအတွက် ဖြစ်နိုင်ချေများကို ပြန်လည် သုံးသပ်နေသည်ဟုပြောဆိုခဲ့သည်။[3] သို့သော် ၂၀၁၈ခုနှစ်မေလနှောင်းပိုင်းတွင် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး ဦးကျော်တင်က စာချုပ်၏ အထူး ကိုယ်စားလှယ်တော် ဂျော်ဒန်အိမ်ရှေ့ မင်းသား မီရာရာ ဖိဒ်အယ်ဟူစိန်ကို မြန်မာနိုင်ငံသည်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူ စာချုပ်အား စာချုပ်ပါ အဖွဲ့အစည်း အားလုံးက အောင်မြင်စွာ အကောင်အထည်ဖော်ပြီးသည့်နောက် သဘောတူစာချုပ်တွင် ပါဝင်ရန် စဉ်းစားမည်ဟု ပြောဆိုခဲ့သည်။[4] ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာ နိုင်ငံက ၎င်းသည် အနာဂါတ်တွင် စာချုပ်တွင်ပါဝင်လာရန် ရည်ရွယ်ချက်ဖြင့် သဘောတူစာချုပ်နှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သော နားလည်မှု ရှိရန် သက်ဆိုင်ရာ အရာရှိများက သဘောတူစာချုပ်ကို ပြန်လည်သုံးသပ်ခြင်းများ လုပ်ဆောင်နေကြောင်း ထပ်လောင်း ပြောဆိုခဲ့သည်။ လက်နက်ဖျက်သိမ်းခြင်းကိစ္စရပ်သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ညှိနိုင်းခြင်းများ၏ တစိတ်တဒေသဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ သဘောတူစာချုပ်တွင် ပါဝင်နိုင်ရန် အတွက် အကန့်အသတ်ဖြစ်နေသည့် အရာတစ်ခုဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံက ဖြည့်စွက် ပြောကြားခဲ့သည်။[5]

၂၀၁၇ခုနှစ် ဇွန်လတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ကာကွယ်ရေးဝန်ကြီးဌာနအရာရှိများက ICBL အား အစိုးရသည် မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန်တက်တက်ကြွကြွ စဉ်းစားနေကြောင်း ပြောဆို

---

1. ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်း အတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်းပိတ်နှင့် ဖေါ်ပြသုံးစွဲမှုမျိုး လည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၁၉ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ် အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။ MINU website.

2. Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018.

3. ICBL/Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defence, Ministry of Defence, Naypyitaw, 29 June 2018.

4. "Union Minister for International Cooperation U Kyaw Tin receives Prince Mired Ra'ad Al-Hussein, Special Envoy of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction (Ottawa Convention)," Global New Light of Myanmar, 30 May 2018; and Anti-Personnel Mine Ban Convention, "Mine Ban Convention Special Envoy to visit Myanmar," Press Release, 24 May 2018.

5. Myanmar, Explanation of Vote on Resolution L.53/rev.1, 73rd Session, UNGA First Committee, Audio Record of 31st Meeting (at 19 mins.), New York, 8 November 2018. See also Myanmar, Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017, UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

သော်လည်း မြန်မာနိုင်ငံသည်မည်သည့်အချိန်တွင် စာချုပ်သို့ ဝင်ရောက်မည်ကိုတော့ မပြောနိုင်ခဲ့ပေ။[6]

၂၀၁၉ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် နိုင်ငံတကာမိုင်းအရေးလှုပ်ရှားမှုနေ့ကို နေပြည်တော်တွင် ကျင်းပခဲ့ရာ "မြေမြုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ပါဝင်နိုင်ရန် ပြင်ဆင်မှု များကို ဆထက်တိုး လုပ်ဆောင်ရန်"အစိုးရကို UNICEF တိုက်တွန်းခဲ့သည်။ တချိန်တည်းတွင် ပဋိပက္ခတွင် ပါဝင်သောသက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကိုလည်း မြေမြုပ်မိုင်းအသစ်များဆက်လက်မထောင်ရန် တောင်းဆိုခဲ့သည်။ ထိုအခမ်းအနားတွင် UN ဌာနေရုံးနှင့် လူသားချင်းဆိုင်ရာလုပ်ငန်းတာဝန်ခံက အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားလုံးအပြီးသတ်ခြင်းကို စောင့်ဆိုင်းနေမည့်အစား ပဋိပက္ခမရှိတော့သော ပြည်နယ်များတွင် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် အားပေးသင့်ကြောင်း တိုက်တွန်း ပြောဆိုခဲ့သည်။[7]

၂၀၁၈ ဒီဇင်ဘာလ ၅ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၇၃/၆၁ တွင် မြန်မာနိုင်ငံက မဲမပေးကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထိုဆုံးဖြတ်ချက်က မြေမြုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်ကို ကမ္ဘာအဂှမ်းလွှမ်းခြုံရေးအတွက် တောင်းဆိုခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို ထောက်ခံသော အထွေထွေညီလာခံ နှစ်စဉ်ဆုံးဖြတ်ချက်အားလုံးကို မြန်မာနိုင်ငံက မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်လာခံသည်။[8]

မြန်မာနိုင်ငံသည် မြေမြုပ်မိုင်း အသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး များသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ နောက်ဆုံးတက်ရောက်ခဲ့သည့် အစည်းအဝေးမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် ပြန်လည်သုံးသပ်ခြင်း ညီလာခံသို့ တကြိမ်မှ တက်ရောက်ခဲ့ဖူးခြင်း မရှိပေ။[9] မြန်မာနိုင်ငံသည် ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆ နှင့် ၂၀၁၉ ခုနှစ် ဂျနီဗာတွင် ကျင်းပသော ကဏ္ဍစုံအစည်းအဝေးများ သို့ တက်ရောက်ခဲ့သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော အဖွဲ့ဝင်နိုင်ငံများ၏ ၁၇ ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က မြေမြုပ်မိုင်းအသုံးပြုခြင်းနှင့်ပတ်သက်၍ တုန့်ပြန်ပြောဆိုခဲ့သည်။[10] ၂၀၁၈ ခုနှစ် ဩဂုတ်တွင် နှစ်နိုင်ငံနယ်စပ် တလျှောက် ဘင်္ဂလားဒေ့ရှ်တပ်များနှင့်ပူးပေါင်း၍ ပူးပေါင်းကင်းလှည့်ခြင်းများ စတင်ခဲ့ကြောင်း နှင့် ၎င်းအချိန်မှစ၍ မြေမြုပ်မိုင်းထိခိုက်မှုများ ပေါက်ပေါက်ခြင်းမရှိတော့ကြောင်း ပြောဆိုခဲ့သည်။

၂၀၁၉ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသည် ဗီယက်ကျင်းမြို့တွင် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနမှင့် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က စီစဉ်သော ဒေသဆိုင်ရာနှီးနှောဖလှယ်ပွဲတစ်ခုသို့တက်ရောက်ခဲ့သည်။[11]

၂၀၁၉ခုနှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိုင်းအသုံးပြုခြင်းကို ချက်ချင်း ရပ်တန့်ရန်နှင့် အစိုးရအား မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ရေးသဘောတူစာချုပ်တွင် ပါဝင်ရန် တောင်းဆိုခဲ့သည်။[12]

၂၀၁၈ခုနှစ်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမိုင်းကင်းစင်ရေးအဖွဲ့ [13] (၂၀၀၃ ခုနှစ်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှု တားပိတ်ပင်ခြင်း နိုင်ငံတကာလှုပ်ရှားမှု (ICBL) သည် မြန်မာနိုင်ငံတွင် လူသတ်မိုင်းအသုံးပြုမှုအသုံးပြုခြင်း ရပ်တန့်ရန် တောင်းဆိုခြင်းအပါအဝင် မြေမြုပ်မိုင်းအသုံးပြုမှု အဆုံးသတ်ရေး တောင်းဆိုနေသော လှုပ်ရှားမှု တစ်ခု) သည် ရန်ကုန်မြို့တွင် ၂၀၁၈ခုနှစ် မြေမြုပ်မိုင်းစောင့်

6. Landmine Monitor meetings with Kyaw Moe Tun, Director of International Organizations, Ministry of Foreign Affairs, Naypyitaw, 26 June 2017; and with Lt. Col. Myo Win Aung, Judge Advocate General's office, Ministry of Defense, Naypyitaw, 26 June 2017. In July 2012, then Minister of Foreign Affairs, U Wunna Maung Lwin, stated that Myanmar was considering acceding to the Mine Ban Treaty. Press Release, "Myanmar seriously considering landmine treaty as part of its state reforms," Mine Ban Treaty Implementation Support Unit (ISU), 12 July 2012.

7. UNICEF, "One out of four casualties of landmine incidents in Myanmar are children," Press Release, 4 April 2019.

8. ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် လူသတ်မြေမြုပ်မိုင်းများ တားမြစ်ပိတ်ပင်ခြင်း နိုင်ငံတကာသဘောတူစာချုပ်တစ်ခုကို အစိုးရများက အရယူရန် တောင်းဆိုသော UNGA ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

9. Myanmar previously attended Mine Ban Treaty Meetings of States Parties in 2003, 2006, and 2011–2013. It did not participate in the Mine Ban Treaty Review Conferences held 2004, 2009, or 2014.

10. Statement of Myanmar, Mine Ban Treaty Seventeenth Meeting of State Parties, Geneva, 26 November 2018.

11. "Experts Discuss Landmine-related Risks At A Regional Seminar," Lao News Agency, 2 May 2019. The seminar covered landmines, cluster munitions and explosive remnants of war.

12. Office of the High Commissioner on Human Rights, "Report of the Special Rapporteur on the situation of human rights in Myanmar," A/HRC/40/68, 5 March 2019. Recommendation: "Immediately stop laying landmines; ratify the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction; clear mines and unexploded ordnance; mark and fence mine areas; and carry out systematic mine-risk and education activities."

13. The ICBL initiative was initially known as "Halt Mine Use in Burma/Myanmar." See, Mine-Free Myanmar website.

ကြည့်လေ့လာရေး မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ ထုတ်ဝေ ဖြန့်ချိသော သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။[14] မြန်မာဘာသာဖြင့် အစီရင်ခံစာပေါင်း ၁၂၀၀ ကို ဖြန့်ဝေခဲ့သည်။၂၀၁၈ဒီဇင်ဘာနှင့် ၂၀၁၉ ဇွန်လတွင် Landmine Monitor အဖွဲ့သည် UN ၏ မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲရေးယူနစ် (MIMU) နှင့် လက်တွဲ၍ မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်း သတ်ရောက်မှု သတင်းအချက်များပါသော သတင်းကားချပ်များ ထုတ်ဝေဖြန့်ချိခဲ့သည်။ မြန်မာနိုင်ငံကျန်းမာရေးစနစ်အပေါ် မြေမြုပ်မိုင်းထိခိုက် ဒဏ်ရာရမှုများ၏ သတ်ရောက်မှုများကိုပါ ထည့်သွင်းဖော်ပြထားသည်။[15]

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း နှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေး နှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍ မရသော အစိတ်အပိုင်း များ အပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[16] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ အာဏာပိုင်များသည် မြေမြုပ်မိုင်းများ ဆက်လက် ထုတ်လုပ်နေကြောင်း အတည်ပြု ပြောကြားသည်။[17]

ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စုနှင့် တခြားအမည်မသိ စစ်လက်နက် ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူ အသုံးပြုမှု ရှိသည်။[18]

အစိုးရလက်ဝယ်တွင်ရှိသော လူသတ်မိုင်းအမျိုးအစားသို့မဟုတ် အရည်အတွက်နှင့်ပတ်သက်၍ တရားဝင် ထုတ်ပြန်သော သတင်းအချက်အလက်မရှိပေ။

မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ ရောင်းချသည့် နိုင်ငံတခုအဖြစ်သတ်မှတ်ခံထားရခြင်းမရှိချေ။[19]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဂ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း (NSAG) များစွာသည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ မိုင်းများထုတ်လုပ်သည်။ တခြားလက်နက်ကိုင်အဖွဲ့များသည်လည်း လက်လုပ်မိုင်းများ ထုတ်လုပ်နိုင်သည်ဟု ယုံကြည်ရသည်။

အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များသည် ဒေသတွင်းရရှိသော ကုန်ကြမ်းများဖြင့် ထပ်ဆင့်ပေါက်ကွဲ မိုင်းများ ထုတ်လုပ်သည်။ ထိုမိုင်းများကို လက်လုပ်မိုင်းများဟုလည်း ခေါ်သည်။ လက်လုပ်လူတိုက်မိုင်းများကို လက်လုပ်လူသတ်မိုင်းများ အဖြစ်သတ်မှတ်ပြီး မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်ကလည်း တားမြစ်သည်။

တချို့ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များသည် ရှေ့ထွက်မိုင်းများ ထုတ်လုပ်နိုင်ပြီး၊ အဝေးထိန်းကားမိုင်းများပါ ထုတ်လုပ်သည်။ မြန်မာနိုင်ငံရှိလက်နက်ကိုင်အဖွဲ့များသည်တပ်မတော်ထံမှ တိုက်ပွဲများအတွင်း သိမ်းယူခြင်းဖြင့် သော် လည်းကောင်း၊ တခြားသူများထောင်ထားသော မိုင်းများကို တူးဖော်ခြင်းမှ သော်လည်းကောင်း၊ မှောင်ခို လက်နက်ဈေးကွက်များမှ ဝယ်ယူခြင်း

---

14. "2017 Myanmar/Burma Country Report released at Yangon Press Conference," 11 January 2018. Audio recording of the press conference.

15. "Townships with Known Landmine Contamination (2018) and Casualties in Myanmar (as of Dec 2017)," United Nations Myanmar Information Management Unit (MIMU), 30 May 2018. Infographic provides a 11-year overview of data from Landmine Monitor Reports (2007–2017). The infographic was also available in Burmese language for the first time. MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

16. မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလတ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

17. ထူးသန့် ။"တပ်မတော်ကဆင်းသည်မြေမြုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

18. Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့် ဗြိတိန်လုပ် LTM-73, LTM-76

19. ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

ဖြင့်သော်လည်းကောင်း မိုင်းများရရှိတတ်သည်။[20]

## မိုင်းအသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရမဟုတ်သော တပ်ဖွဲ့များ၏ လူသတ်မိုင်းအသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။

### အစိုးရတပ်ဖွဲ့များ၏ နောက်ထပ် အသုံးပြုမှုအသစ်များ

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၇ ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ် တစ်ဦးက ဘင်္ဂလားဒေ့ရှ်နယ်စပ်၌ အစိုးရစစ်တပ်က မြေမြှုပ်မိုင်းထောင်သည်ဆိုသော စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း အခိုင်အမာပြောဆိုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နှင့်ပူးတွဲ နယ်စပ်ကင်းလှည့်တပ်ဖွဲ့များက မည်သည့်မိုင်းမှ တွေ့ခဲ့ခြင်းမရှိကြောင်း ပြောဆို ခဲ့သည်။[21]

သို့သော် ၂၀၁၉ခုနှစ်ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက Landmine Monitor အဖွဲ့အား "အရပ် သားအစိုးရတာဝန်ယူသည့်အချိန်မှစ၍ တပ်မတော်သည် မြေမြှုပ်မိုင်းအသုံးပြုခြင်းမရှိတော့ကြောင်း" ပြောဆို ခဲ့သည်။ သို့သော် လည်းတချို့အခြေအနေများတွင်တော့ မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေဆဲဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ "တချို့နယ်စပ်ဒေသ များတွင် တပ်မတော်အင်အားနည်းပါးနေပါက ၎င်းတို့တပ်ဆွဲသည့်နေရာတဝိုက်တွင် မိုင်းထောင်ကြောင်း၊ သို့သော် အင်အား နည်း ပါးသည့်အချိန်တွင်သာ အသုံးပြုသည်ဟု ၎င်းအရာရှိက တိတိကျကျ ပြောဆိုခဲ့သည်။ ဆက်သွယ်ရေးတာဝါတိုင်များကဲ့သို့သော အဆောက်အဦများအနီးတွင်လည်း မိုင်းထောင်လေ့ရှိပါတယ်။ အနီးမှာ ရွာတွေရှိတယ်ဆိုရင် ကျနော်တို့ သတိပေးပါတယ်။ တိုင်း ရင်းသား လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ထိန်းချုပ်တဲ့နေရာမှာ တပ်မတော်စခန်းရှိလို့ အဲဒီ စခန်းဟာ ချောင်းမြောင်း ပစ်ခတ် နှောင့်ယှက် ခံရရလည်း အနီးတဝိုက်မှာ မိုင်းထောင်ပါတယ်ဟု ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။"[22] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကာကွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် က တပ်မတော်သည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် မြေမြှုပ်မို င်းဆက်လက်သုံးဆွဲနေဆဲဟု လွှတ်တော်သို့ တင်ပြပြောဆိုခဲ့ဖူးသည်။[23]

၂၀၁၈ ခုနှစ် နှစ်လည်ပိုင်းမှစ၍ တပ်မတော်နှင့် ရခိုင်တပ်မတော်အကြား တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ရခိုင်တပ်မတော်သည် သိမ်းဆည်းရမိသော လက်နက်များတွင် MM2, MM5 နှင့် MM6 မိုင်းများအပါအဝင် စစ်တပ်ပိုင် ကပစ စက်ရုံကထုတ်သော လူသတ် မိုင်းဓါတ်ပုံများကို ထုတ်ပြန်ပြသလေ့ရှိသည်။[24] ၎င်းဓါတ်ပုံများသည် မြေမြှုပ်မိုင်းအသစ်အသုံးပြုသည်ဟု တိတိကျကျ ညွှန်ပြခြင်း မရှိသော်လည်း ရှေ့တန်းတပ်ဖွဲ့များ အသုံးပြုသော လက်နက်များတွင် လူသတ်မိုင်းပါဝင်နေသည်ကို ညွှန်ပြနေသည်။

ယခင်က မြေမြှုပ်မိုင်းမရှိသော်လည်း တပ်မတော်နှင့် ရခိုင်တပ်မတော်အကြား တိုက်ပွဲများကြောင့် မြေမြှုပ်မိုင်းထိခိုက် ဒဏ်ရာရမှုအသစ်များတွေ့ရှိပါက ၎င်းအချက်ကို မြေမြှုပ်မိုင်း အသစ်အသုံးပြုခြင်းဟု မှတ်ယူနိုင်သည်။ ရခိုင်တပ်မတော် သို့မဟုတ် အစိုးရတပ် တစ်ဖွဲ့ဖွဲ့က ထောင်သော မိုင်းဖြစ်နိုင်သည်။ သို့မဟုတ် နှစ်ဖွဲ့စလုံးလည်း ဖြစ်နိုင်သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံနှင့်နယ်နမိတ်ထိစပ်နေသော မီဇိုရမ်ပြည်နယ်တွင် မြေမြှုပ်မိုင်းထိခိုက်မှုအပေါ် အန္တိယအာဏာပိုင်များက ၎င်းဒေသအတွင်း

---

20. Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26 နင်းမိုင်းရှိသည်ဟု ဖေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ ခုနှစ်တွင် လျှို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများ ရရှိခဲ့သည်ဟု ဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်က ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

21. Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018. "...the security forces of Myanmar and Bangladesh have been conducting coordinated patrol along the border in the west of Myanmar. Coordinated patrol has been made for 19 times so far since August of this year. No incidents of landmines casualty have been reported in the area. Such accusation without concrete evidence will not help facilitate countries to join the convention."

22. Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defence, Ministry of Defence, in Naypyitaw, 5 July 2019.

23."Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016. The deputy minister stated that the Tatmadaw used landmines to protect state-owned factories, bridges and power towers, and its outposts in military operations. The deputy minister also stated that landmines were removed when the military abandoned outposts, or warning signs were placed where landmines were planted and soldiers were not present.

24.See, Mine Free Myanmar, "Allegedly Seized Mines Displayed by Arakan Army," 18 April 2019.

လှုပ်ရှားနေသော တပ်မတော် သို့မဟုတ် ရခိုင်တပ်မတော် သို့မဟုတ် နှစ်ဖွဲ့စလုံးကို အပြစ်ဖို့ခဲ့သည်။[25]

ယခုအစီရင်ခံစာကာလအတွင်းအစိုးရကအသုံးပြုသည် မိုင်းအသစ်အသုံးပြုမှု အစီရင်ခံစာများတွင် အောက်ပါ ဖြစ်ရပ်များ ပါဝင်သည်။

- ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် တပ်မတော်သည် ဝိုင်းမော်မြို့နယ် နမ့်ဆန်ယမ် ခရိုင်၊ ထိလနှင့် ဇီ ကပ်သောင်းကျေးရွာအနီး မိုင်းထောင်ထားကြောင်း နှင့် ရွာမှလူများ အဝင်အထွက်မလုပ်ရန် တားမြစ်ထားသည်။[26]
- ၂၀၁၈ ခုနှစ် ဩဂုတ်လ ရှမ်းပြည်မြောက်ပိုင်းမူဆယ်တွင် ဒေါင်းအော် နှင့် အူယော်ထက်အနီး မိုင်းများ ထောင်ထားသည်ဟု တပ်မတော်က ကွမ်စထီရွာသားများကို သတိပေးခဲ့သည်။[27]
- ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း KIA က တပ်မတော်သည် နမ်ဆမ်မြစ် တလျှောက်လူသတ်မိုင်း နှင့် ဇီကပ်သောင်းလမ်းတွင် ကားမိုင်းများထောင်ထားသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။[28] ပေါက်ကွဲမှုတစ်ခုဖြစ်တိုင်း လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့၏တာဝန်အဖြစ် သတ်မှတ်ရန်အမြဲ ခက်ခဲသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ရှမ်းပြည်မြောက်ပိုင်းတွင် တပ်မတော်သည် TNLA, MNDAA နှင့် AA သုံးဖွဲ့ပါဝင်သော မြောက်ပိုင်း မဟာမိတ်တပ်ပေါင်းစုနှင့် ကွက်ခိုင်မြို့နယ်၊ မော်ဟန်ကျေးရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် မော်ဟန် ကျေးရွာသားတစ်ဦး မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။

တိုက်ပွဲမဖြစ်ခင်အထိ ၎င်းနေရာတဝိုက်တွင် မြေမြှုပ်မိုင်းများမရှိဟု ရွာသားများကပြောဆိုသည်။ သို့သော် အစိုးရစစ်တပ် သို့မဟုတ် အစိုးရမဟုတ်သောလက်နက်ကိုင်တပ်ဖွဲ့ မည်သူ့တွင် တာဝန်ရှိသည်ကို မသိပေ။[29] ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ နမာဒါ ကျေးရွာအနီး တပ်မတော်နှင့် ရခိုင်တပ်မတော်တို့ တိုက်ပွဲဖြစ်ပြီးနောက် ရွာသားနှစ်ဦး မိုင်းထိခဲ့သည်။ မည်သည့်အဖွဲ့က မိုင်းထောင်သွားခဲ့သည်ကို ရွာသားများ တိတိကျကျမသိပါ။[30]

၂၀၁၈ ခုနှစ် ဖွန်လတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ သတင်းအချက်အလက်ရှာဖွေရေးမစ်ရှင် က ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် မိုင်းအသုံးပြုမှုစွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာတွင် အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။ "ကြိုးကြောင်းဆီလျော်သော အချက်အလက်များအရ တပ်မတော်သည် နယ်စပ်ဒေသများအပါအဝင် ရခိုင်ပြည် နယ်မြောက်ဖက်ပိုင်းနှစ်ခုစလုံးတွင် မြေမြှုပ်မိုင်းများ ထောင်သည်ဟု ကောက်ချက်ချခဲ့သည်။ ၎င်းမိုင်းများသည် ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ထွက်ပြေးသွားစေရန် ထိခိုက်အနာတရဖြစ်စေရန် သို့မဟုတ် အသက်သေဆုံးစေရန် ရည်ရွယ်ချက် သို့မဟုတ် ကြိုတင်ခန့်မှန်းချက်ဖြင့် 'နယ်မြေရှင်းလင်းခြင်း စစ်ဆင်ရေးများ'များ၏ တစိတ်အပိုင်းထောင်သာမိုင်းများ ဖြစ်သည်ဟုတင်ပြ ခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံအတွင်းသို့ ပြန်မလာရဲစေရန် ရည်ရွယ်သောမဟာဗျူဟာအဖြစ် နယ်စပ် ဒေသများတွင် လူသတ်မိုင်း အသစ်များ ထောင်ထားနိုင်သည့် အခြေအနေရှိသည်။"[31]

၂၀၁၈ ခုနှစ် ဖွန်လတွင် KIA တပ်ရင်းတစ်ရင်းက Landmine Monitor သို့ ဓါတ်ပုံများပေးပို့ခဲ့သည်။ ၎င်းဓါတ်ပုံများသည် တနိုင်မြို့နယ်အတွင်းရှိ ဂမ်ယူ ဘန်ကျေးရွာ၊ မန်ထူဘမ်းကျေးရွာ နှင့် အူလွိုင်ဘိုင်ကျေးရွာများမှ KIA တပ်ဖွဲ့များ ရှင်းလင်းထားသော မိုင်းများဖြစ်သည်။ ၎င်းဓါတ်ပုံများတွင် မြန်မာပြည်မှ ထုတ်လုပ်သော အမှတ်အသားများ ပါဝင်သည့် M14 နှင့် MM2 အမျိုးအစား လူသတ်မိုင်း အလုံး ၈၀ ကို တွေ့ရသည်။ တပ်မတော် သည် ၎င်းတို့စိုးမိုးထားသော အဆိုပါကျေးရွာများမှ ပြန်လည်ဆုတ်ခွာသည့် ဧပြီ နှင့် မေလတွင် ၎င်းမိုင်များကို ထောင်ခဲ့ခြင်းဖြစ်သည်ဟု KIA က စွပ်စွဲပြောဆိုခဲ့သည်။ မိုင်းရှင်းစဉ် ၎င်းတို့ရဲဘော်နှစ်ဦး ထိခိုက် ဒဏ်ရာရခဲ့သည်ဟု KIA က ပြောဆိုခဲ့သည်။[32]

၂၀၁၈ ခုနှစ် ဖွန်လတွင် Landmine Monitor က မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိအား ၎င်းဓါတ်ပုံများပြ၍ သဘောထားမှတ်ချက် တောင်းခံခဲ့သည်။ ၎င်းဓါတ်ပုံများအနက် ဓါတ်ပုံတပုံတွင်ပြသထားသော မိုင်းသည် ကားမိုင်းဖြစ်ကြောင်းနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ကားအသုံးပြုခြင်း မရှိသောကြောင့် အစိုးရတပ်ဖွဲ့များသည် သောင်းကျန်းသူ

25. "Man hurt in Mizoram IED blast," The Telegraph, 18 January 2018.
26. "FBR: Clash Summary: Chaos Reigned in Northern Shan State in September," Free Burma Rangers, 15 October 2018.
27. "FBR: Clash Summary: Battles Continue in Northern Shan State Throughout August," Free Burma Rangers, 12 September 2018.
28. "FBR: Burma Army Tortures and Kills Six Female Medics, Continues Campaign Against Civilians," Free Burma Rangers, 26 July 2018.
29. "Kutkai Villager 'Seriously Injured' by Landmine," Burma News International, 20 September 2019.
30. Thein Zaw, "Two villagers injured by a landmine explosion in Paletwa," Narinjara News, 9 September 2019.
31. Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.
32. The Free Burma Rangers published the photographs. See, Free Burma Rangers, "Burma Army Laying Landmines in Civilian Areas,"23 June 2018. Landmine Monitor meeting with

ကိုတိုက်ခိုက်ရာတွင် ကားမိုင်း အသုံးပြုခြင်းမရှိဟု ၎င်းအရာရှိက ပြောဆိုခဲ့သည်။ လူသတ်မိုင်းများသည် အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများ ထောင်ထားသော မြန်မာနိုင်ငံထုတ်မိုင်းပုံစံတူများဖြစ်နိုင်ကြောင်းနှင့် အစိုးရတပ်ဖွဲ့များ သည် စစ်ဆင်ရေးတစ်ခုပြီးသည်နှင့် မြေမြှုပ်မိုင်းများ ထားခဲ့ခြင်းမရှိကြောင်း ၎င်းက ရှင်းလင်းပြောဆိုခဲ့သည်။[33]

## အစိုးရတပ်ဖွဲ့များ၏ ယခင်အသုံးပြုမှုများ

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် လွတ်လပ်သော အဖွဲ့အစည်းတော်တော်များများက မျက်မြင်သက်သေ ထွက်ဆိုမှုများ၊ ဓါတ်ပုံသက်သေခံ အထောက်အထားများပါဝင်သော သတင်းအရင်းအမြစ်များထံမှရရှိသော အချက်အလက်များအရ မြန်မာ အစိုးရတပ်များသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် နင်းမိုင်းများ အသုံးပြုနေ သည်ဟု Lanmine Monitor အဖွဲ့က အစီရင်ခံခဲ့သည်။ မြန်မာအစိုးရတပ်ဖွဲ့များက ရိုဟင်ဂျာများအပေါ် တိုင်းရင်းလူမျိုးပြုန်းသတ်ဖြတ်မှု စစ်ဆင်ရေးစတင်သည့် ဩဂုတ် နောက်ပိုင်းတွင် မိုင်းအသုံးပြုမှုများ စတင်ခဲ့သည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရိုဟင်ဂျာပြည်သူပေါင်း ၇၀၀၀၀၀ ကျော် အစုလိုက်အပြုံလိုက် ထွက်ပြေး ခဲ့ကြရသည်။ နှစ်နိုင်ငံနယ်စ်ဖြတ်ကျော်သော အဓိက ကုန်းတွင်းဖြတ်ကျော်လမ်းကြောင်းနှစ်ခုဖြစ်သော မြန်မာနိုင်ငံ ဖက်ခြမ်း မောင်းတော မြို့နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖက်ခြမ်းရှိ ဘန်ဒါဘန်ခရိုင်အကြားတွင် မိုင်းအသစ်များ ထောင်ထားသည်ဟု Landmine Monitor က အစီရင်ခံခဲ့သည်။[34]

၂၀၁၇ ခုနှစ် အောက်တိုဘာတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးက "မြန်မာနိုင်ငံလုံခြုံရေး တပ်ဖွဲ့များသည် ရိုဟင်ဂျာများ မြန်မာနိုင်ငံသို့ ပြန်လာမရအောင် တားဆီးသည့်အနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့နောက်ပိုင်းမှစ၍ နယ်စပ်တလျှောက်တွင် မိုင်းများ ထောင်ခဲ့သည်" ဟု တွေ့ရှိခဲ့သည်။ ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ နောက်ပိုင်းကာလများအတွင်း ထွက်ပေးရန်ကြိုးစားစဉ် မိုင်းတက်နင်းမိသူများ သို့မဟုတ် ပျောက်ဆုံးနေသော တခြားမိသားစုဝင်များကို ပြန်လာရှာသောသူများ မိုင်းတက်နင်းမိသည့် အဖြစ်အပျက် သတင်း အချက်အလက်များ အလုပ်အဖွဲ့ကလက်ခံရရှိခဲ့သည်။ တခါတည်း အသက်ဆုံးရှုံး သွားသူများရှိခဲ့သလို ဆိုးဆိုးရွားရွား ဒဏ်ရာရခဲ့သူများလည်း ရှိခဲ့သည်။ ကော့ဘဇားခရိုင်ဆေးရုံနှင့် တခြားဆေးရုံများက မိုင်းထိ သူများကို ကုသပေးခဲ့ရသည်ဟု အတည်ပြုခဲ့သည်။[35]

၂၀၁၇ ခုနှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းပေးသော မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်က အောက်ပါအတိုင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ "ကြိုးကြောင်းဆီလျော်သော အချက်အလက်များအရ တပ်မတော်သည် နယ်စပ်ဒေသများအပါအဝင် ရခိုင်ပြည်နယ် မြောက်ဖက်ပိုင်းနှစ်ခုစလုံးတွင် မြေမြှုပ်မိုင်းများ ထောင်သည်ဟု ကောက်ချက်ချခဲ့သည်။ ၎င်းမိုင်းများသည် ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ထွက်ပြေးသွားစေရန် ထိခိုက်အနာတရဖြစ်စေရန် သို့မဟုတ် အသက်သေဆုံးစေရန် ရည်ရွယ်ချက် သို့မဟုတ် ကြိုတင်ခန့်မှန်းချက်ဖြင့် 'နယ်မြေရှင်းလင်းခြင်း စစ်ဆင်ရေးများ' များ၏ တစိတ်အပိုင်းထောင်သာ မိုင်းများ ဖြစ်သည်ဟု တင်ပြခဲ့သည်။ထို့အပြင် ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံအတွင်းသို့ ပြန်မလာရဲစေရန် ရည်ရွယ်သောမဟာဗျူဟာအဖြစ် နယ်စပ်ဒေသများတွင် လူသတ်မိုင်းအသစ်များ ထောင်ထားနိုင်သည့် အခြေအနေရှိသည်။"[36]

၂၀၁၇ခုနှစ် နိုဝင်ဘာလ ၂၁ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘန်ဒါဘန်ခရိုင်အတွင်း တောဆင်ရိုင်း တစ်ကောင် သေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက နယ်စပ်တွင် ထောင်ထားသော မိုင်းကြောင့်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။[37] ၂၀၁၇ခုနှစ် အစောပိုင်း

33. Col.(rtd) Min Htike Hein, Deputy Permanent Secretary for the Minister of Defence, Ministry of Defence, Naypitaw, 29 June 2018.

34. According to Landmine Monitor, local researchers interviewing and assisting displaced Rohingya civilians as they crossed into Bangladesh on 28 August saw an army truck arrive on the Myanmar side of the border from which they witnessed Myanmar government soldiers unloading three crates. They said the soldiers removed antipersonnel landmines from the crates and placed them in the ground, later returning at night to place more mines. According to these researchers, the mines were emplaced within Taung Pyo Let Yar village tract of Maungdaw township, adjacent to border pillar No. 31 in Bangladesh, an area that demarcates the beginning of the land border between Bangladesh and Myanmar. Email and phone interviews with researchers working with an NGO who wished to remain anonymous, 17 September 2017.

35. According to the report, "The Team was informed that until 23 August 2017, the Myanmar and Bangladesh border guards conducted joint patrols along the international border between Bangladesh and Myanmar and that it was therefore highly unlikely that mines were planted before 23 August due to the likelihood of real danger for army personnel of both sides that they would step onto such an explosive device." OHCHR, "Mission report of OHCHR rapid response mission to Cox's Bazar, Bangladesh, 13–24 September 2017," 11 October 2017. pp. 9–10.

36. Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

37. Anwar Hussain, "Myanmar army's landmines put elephants at risk," Dhaka Tribune, 26 November 2017.

တွင် မြန်မာအစိုးရစစ်တပ်သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် မြေမြှုပ်မိုင်းများအသုံးပြုခဲ့သည်ဟူသော သက်သေအထောက်အထား ရှိသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ မောင်တောမြို့နယ် ပြန်ပိုက်ကျေးရွာတွင် မြန်မာအစိုးရစစ်တပ်က ထောင်ခဲ့သည်ဟုယူဆရသော မိုင်းကြောင့် လယ်သမားသုံးဦးအသက်သေဆုံးခဲ့ပြီး၊ တစ်ဦးဒဏ်ရာရခဲ့သည်။[38] မေလတွင် နိုင်ငံတကာလွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကြီး က ကချင်ပြည်နယ်နှင့် မြောက်ပိုင်း ရှမ်းပြည်နယ်အတွင်း မြန်မာအစိုးရစစ်တပ်က လူသတ်မိုင်း အသုံးပြုနေခြင်းနှင့်ပတ်သက်၍ အစီရင်ခံခဲ့သည်။[39] ၂၀၁၇ ခုနှ် ဧပြီလတွင် မြန်မာအစိုးရစစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ်က မဲသဝေါ နှင့် မြိုင်ကြီးငူသွားရာလမ်း နဘေးတွင် မိုင်းများ ထောင်ထားသည်ဟု ဒေသခံများကို သတိပေးခဲ့သည်။[40] ၂၀၁၆ ခုနှစ် ဧပြီလတွင် မိုင်တိုင်အမှတ် ၅၁ အနီး နယ်စပ်ခြံစည်းရိုးတွင် အလုပ်လုပ်ကိုင်ရန် မြန်မာအစိုးရ စစ်တပ်က အလုပ်ငှားရမ်းခိုင်းစေခဲ့သော မောင်တောမြို့နယ်မှ ရိုဟင်ဂျာလေးဦးသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီး၊ တစ်ဦး အသက်သေဆုံးခဲ့သည်။ ဒဏ်ရာရသူများကို ဘူသီးတောင်ဆေးရုံတွင် ကုသပေးခဲ့သည်။[41]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးက ထုတ်ပြန်သော ယခင်အစီရင်ခံစာများတွင်လည်း အဆိုပါ နယ်စပ်တလျှောက် လူသတ်မိုင်း အသုံးပြုမှု တစိတ်တဒေသကို မှတ်တမ်းတင်ထားပြီးဖြစ်သည်။[42]

## ရက်စက်ကြမ်းကြုတ်သော/ပေါ်တာအသုံးပြု မိုင်းရှင်းလင်းခြင်း

မြန်မာအစိုးရ စစ်တပ်သည် မိုင်းထောင်ထားသည့်နေရာများတွင် အရပ်သားပြည်သူများကို စစ်ကြောင်းများအရှေ့ လမ်းပြများအဖြစ် လူသားမိုင်းရှင်ကိရိယာများအဖြစ် အသုံးပြုနေဆဲဖြစ်ကြောင်း သက်သေအထောက်အထားကို မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးက ရှာဖွေတွေ့ရှိထားသည်။ ယင်းအချက်သည် နိုင်ငံတကာလူသားချင်းစာနာမှု နှင့် လူ့အခွင့်အရေးဥပဒေကို ဆိုးဆိုးဝါးဝါး ချိုးဖောက်ခြင်းဖြစ်သည်။[43] အရပ်သားပြည်သူများကို စစ်ဆင်ရေးနှင့် သက်ဆိုင်သောလုပ်ငန်းများတွင် အတင်းအကြပ်ပါဝင်ခိုင်းသော အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းသည် မိရိုးဖလာနိုင်ငံတကာလူသားချင်းဆန်သောဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ နိုင်ငံတကာမဟုတ်သောလက်နက်ကိုင် ပဋိပက္ခများတွင်လည်း အကျုံးဝင်သည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်မှ အသက် ၄၅ နှစ်အရွယ် အောင်လွန်းသည် ခမရ ၅၄၄က လမ်းပြအဖြစ်အသုံးပြုခံရစဉ် ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး ရခိုင်တပ်မတော်နှင့် ရှေ့တန်းဒေသအနီးတွင် မြေမြှုပ်မိုင်းထိသေဆုံးခဲ့သည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့က(CHRO)က အစီရင်ခံခဲ့သည်။[44] တပ်မတော်စစ်ကြောင်းအတွက် လမ်းပြအဖြစ် အသုံးပြုရန် ခိုင်းစေခံရသော တခြားရွာသားနှစ်ဦး ထိခိုက် ဒဏ်ရာရခြင်းမရှိခဲ့သော်လည်း စစ်သားနှစ်ဦးဒဏ်ရာရခဲ့သည်။မိုင်းထိအသက်သေဆုံးခဲ့သူ မိသားစုကို တပ်မတော်က လျော်ကြေးငွေ လာ ၁၀၀၀ ပေးခဲ့သည်ဟု CHRO က အစီရင်ခံသည်။ သို့သော် ပလက်ဝတိုက်ပွဲများတွင် တပ်မတော်က ရွာသားများကို လမ်းပြအဖြစ်အသုံးပြုမှု ပိုများလာနေသည်ဟုလည်း CHRO က ပြောဆိုသည်။[45]

---

38.“Rohingya farmers victims of fatal injury in land mine explosion in Northern Maungdaw,” Arakan TV, 15 July 2017. Photographic evidence included with reports, however independent verification was not possible. See also, Thar Shwe Oo, “Landmine kills three in Maungdaw,” Eleven Myanmar, 16 July 2017; and Moe Myint, “Landmine Explosion Kills Teenager, Two Men in Rakhine,” The Irrawaddy, 16 July 2017.

39. Amnesty International, “All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar,” 14 June 2017, p. 32.

40. Unpublished information provided to the Landmine Monitor by the Karen Human Rights Group, 6 September 2017.

41.“Border Landmine Kills and Injures Rohingyas,” Kaladan Press, 19 April 2016.

42. A massive outflow of Rohingya people, nearly a quarter of a million, from Northern Rakhine State (NRS) occurred in 1991 and 1992. Following widespread condemnation of Burma at that time by the Muslim world, Myanmar’s armed forces emplaced a significant minefield along the entire length of its border with Bangladesh. Bangladesh officials and humanitarian workers stated at the time that Burma’s boundary minefield was laid for the purpose of deterring further flight out of the country by the Rohingya, and also to harass cross border movement by several Rohingya and Rakhine armed groups active at that time. See, Landmine Monitor 2000, Burma Country Report. In the early 90s, several armed groups existed in that border area, including the Rohingya Solidarity Organization, the Arakan Rohingya National Organization, the Arakan Army, and the Arakan Liberation Army. Further mine laying occurred in later years. See, Landmine Monitor Myanmar/Burma Ban Policy profiles 2013, 2014, and 2015.

43. Over the past two decades, Landmine Monitor has reported disturbing evidence that Myanmar military have forced civilians to clear antipersonnel mines without training or protective equipment or forced civilians to guide or carry equipment for the military in mined areas. Such activities constitute a threat to the right to life, liberty, and security of person. During Myanmar’s first Universal Periodic Review of its human rights record, in 2011, the ICBL provided a submission detailing the use of human minesweepers.

44. “Civilian Injured by Landmine on Burma-India Border,” Burma News International, 19 March 2019.

45. Email to Landmine Monitor from Sang Hnin Lian, Chin Human Rights Organization, 17 April 2019.

၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ်အတွင်း တပ်မတော်စစ်ကြောင်းတစ်ခုက ဘူးသီတောင်မြို့နယ်၊ ဆေးတောင်ကျေးရွာမှ ရွာသား ၁၁ ဦးကိုဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့ရွာမှသည် ရသေ့တောင်မြို့နယ်ရှိ ရဲခေါင်ချောင်းအထိ ရွာသားများကို လမ်းပြအဖြစ် အတင်းအဓမ္မ ခိုင်းစေခဲ့သည်။ ထိုနေ့မတိုင်ခင်က ၎င်းဒေသအတွင်း ရခိုင်တပ်မတော်ကထောင်သော မိုင်းကြောင့် တပ်မတော်သားတော်တော်များများ မိုင်းထိခဲ့သည်ဟု အစီရင်ခံ မှုများရှိခဲ့သည်။ ၎င်းမိုင်းများသည် အဂေးထိန်းမိုင်း သို့မဟုတ် တိုက်မိုင်းများဟူသည်ကို သဲကွဲခြင်းမရှိပါ။[46]

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်က ထုတ်ပြန်သော ၂၀၁၈ ခုနှစ် စက်တင်ဘာလအစီရင်ခံစာတစ်ခုတွင် လက်နက်ကိုင်ပဋိပက္ခရှိနေသော သစ်တောများအတွင်း စစ်ကြောင်းသွားစဉ် တပ်မတော် စစ်ကြောင်းများအရှေ့ ပေါ်တာများကို သွားခိုင်းသည့် ဖြစ်စဉ်များစွာကို အသေးစိတ် ဖေါ်ပြထားသည်။ အတင်းအဓမ္မလုပ်အား ခိုင်းစေခံရသူများစွာက မြေမြှုပ်မိုင်းထိ၍ ထိခိုက်ဒဏ်ရာရသော သို့မဟုတ် အသက်သေဆုံးသော တခြားအရပ်သားပြည်သူများကို ၎င်းတို့ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ကြောင်းနှင့် ရှေ့တန်း နေရာများတွင်လည်း "လူသားမိုင်းရှင်းကိရိယာ"များအဖြစ် အသုံးပြုနေကြောင်း မစ်ရှင်သို့ ပြောဆိုခဲ့သည်။[47]

၂၀၁၈ခုနှစ် ဩဂုတ်လတွင် ခမရ ၅၀၁ က ကျောက်မဲမြို့နယ် ပန်လောကျေးရွာမှ ရွာသားလေးဦးကို လမ်းပြအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ် ဆောင်သွားခဲ့သည်။ ၎င်းနေရာသည် မြေမြှုပ်မိုင်းအလွန် ကျယ်ကျယ်ပြန့်ပြန့်ရှိသောဒေသ ဖြစ်သည်။[48]

၂၀၁၈ခုနှစ် မေလတွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) က ၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ်ဖားကန့်မြို့နယ်လိုင်နော်ခူကျေးရွာမှ ရွာသားများသည် တပ်မတော်နှင့် KIA တပ်များ တိုက်ပွဲဖြစ်သည် ဟူသော ကောလဟာလကြားရပြီး ၎င်းတို့အိမ်များမှ ထွက်ပြေးခဲ့ကြသည်။တောထဲတွင် နှစ်ည ပုန်းအောင်းနေပြီး နောက် ခမရ ၄၂၄ က တပ်များက ၎င်းတို့ကို တောထဲတွင် တွေ့ရှိပြီး စစ်ဆေးမေးမြန်းခဲ့သည်။ ထို့နောက် တပ်မတော်တပ်ဖွဲ့များကို ၎င်းတို့ကို ၎င်းတို့ရှေ့မှ တစ်ယောက်ချင်းတန်းစီလျှောက်ခိုင်းခဲ့သည်။ စစ်ကြောင်းများ အရှေ့မှ လမ်းလျှောက်ခိုင်းခဲ့သော ရွာသားများအနက် ဖိုရှမ်းဟုခေါ် သော ရွာသားတစ်ဦး မြေမြှုပ်မိုင်းထိခဲ့သည်။ ၎င်းကို သယ်သွားသည်ကို ရွာသားများက မြင်တွေ့ခဲ့သည်။ သူအသက် ရှင် မရှင်ကိုတော့ မသိနိုင်ပေ။[49] ၂၀၁၈ ခုနှစ် မေလတွင် ရှမ်းပြည်နယ်လွှတ်တော်အမတ် စိုင်းထွန်းညဏ်က ၎င်း၏မြို့နယ်ကျောက်မဲ၊ တော်ဆန်းကျေးရွာမှ ရွာသားများသည် ၂၀၁၈ခုနှစ် မေလ ၃ ရက်နေ့တွင် အစိုးရစစ်တပ် စစ်ကြောင်းတစ်ကြောင်း၏ ရှေ့တွင် အတင်းအကြပ်လျှောက်ခိုင်းခဲ့သဖြင့် မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရခဲ့သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ၎င်း၏ မဲဆန္ဒနယ်မြေမှ ပြည်သူများသည် မိုင်းခင်းကိုဖြတ်၍ စစ်ကြောင်းများအရှေ့မှ သွားခိုင်းသည့်ဖြစ်စဉ်အသေးစိတ်ကို ၎င်းအားပြောပြသည်ဟု လွှတ်တော်အမတ်က ပြောဆိုခဲ့သည်။ အစိုးရစစ်တပ်သည် ၎င်းအလေ့အထကို အများဆုံး ကျင့်သုံးသော်လည်း အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများလည်း လုပ်ဆောင်သည်ဟု ၎င်းက ပြောဆိုသည်။[50] ၂၀၁၇ခုနှစ်နိုဝင်ဘာလတွင်ကရင်လူ့အခွင့်အရေးအဖွဲ့၏ထွက်ဆိုချက်အရ ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်ရှိ တကွီးကလာ ကျေးရွာသားတစ်ဦးသည် နယ်ခြားစောင့်တပ် (BGF) အတွက် ပေါ်တာအဖြစ် ၂ လခန့် ခိုင်းစေခံခဲ့ရပြီး မိုင်းထောင်ထားသည့်နေရာကိုဖြတ်၍ နယ်ခြားစောင့်တပ်စစ်သားများအရှေ့မှ ဦးဆောင်သွားခဲ့ရသည်ဟု ပြောဆိုသည်။[51]

၂၀၁၉ ခုနှစ်တွင် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ၎င်းမိုင်းထောင်ထားသော ဒေသများအတွင်း တပ်မတော်က အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းဆိုသည်မှာ လိမ်ညာပြောဆိုခြင်းသာ ဖြစ်သည်ဟု Landmine Minitor ကို ပြောဆိုခဲ့သည်။ တပ်မတော်တွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းကို တားမြစ်သောမူဝါဒရှိသည်ဟု ၎င်းက ပြောဆိုသည်။ သောင်းကျန်းသူများသည် ၎င်းတို့လက်နက်များကို ဖွက်၍ ဒေသခံပြည်သူများအကြား ရောနှောနေကြသည်။ ၎င်းတို့အဖမ်းခံရပါက ၎င်းတို့သည် အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေခံရသည်ဟု ပြောဆိုလေ့ရှိကြောင်း ၎င်းအရာရှိက ပြောဆိုခဲ့သည်။ဒေသခံပြည်

46. Moe Myint, "Military Using Villagers as Human Shields in N. Rakhine Battles," the Irrawaddy, 28 December 2018.

47. Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018.

48. "Burma Army conscripts porters, detains elderly and children during "clearance operations" near Upper Yeywa dam site in N. Shan State; arrests, tortures villagers in S. Shan State," Burma Campaign UK, 7 September 2018.

49. Kachin Women's Association Thailand, "Burma Army commits war crimes against Kachin IDPs: blocking access to refuge, using as human shields and minesweepers, indiscriminate shelling, looting," 14 May 2018; and subsequent clarification emails from San Htoi, Kachin Women's Association Thailand, 2 July 2018.

50. Lawi Weng, "Shan State Parliament Refuses to Let Lawmaker Raise 'Human Shield' Allegations," the Irrawaddy, 1 June 2018.

51. Karen Human Rights Group, "Interview #17-131-A4-I1," published 8 June 2018. There is no official governmental document that defines a Border Guard Force (BGF), however they have a military structure parallel to the Myanmar Army. The BGF commander is from an ethnic armed group, as are many of the rank and file. BGF are supposedly under the command of the Myanmar army, however they sometimes appear to carry out independent activities.

သူများကို လမ်းပြအဖြစ် ခေါ်ယူခြင်းဟူသော စွပ်စွဲမှုကို ၎င်းက ပယ်ချခဲ့ပြီး စစ်ကြောင်းများတွင် GPS များရှိ၍ နယ်မြေအနေအထားကို ဒေသခံများထက်ပင် ပိုသိဟု ၎င်းက ပြန်လည်ချေပခဲ့သည်။[52]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

၁၉၉၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် လူသတ်မိုင်းများ အသုံးပြုသည်။ ၂၀၁၈ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၉ ခုနှစ် အစောပိုင်းတွင် KIA, AA, DKBA, KNDO နှင့် KNLA တပ်များက မိုင်း အသစ်အသုံးပြုမှု အစီရင်ခံမှုများရှိခဲ့သည်။[53] သို့သော် အဖြစ်အပျက်တစ်ခုကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ တာဝန်အဖြစ် အတိအကျပြောရန် ခက်ခဲ့သည်။ ဥပမာ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ရှမ်းပြည် မြောက်ပိုင်း၌ တပ်မတော်သည် မြောက်ပိုင်းမဟာ မိတ်အဖွဲ့များဖြစ်သော TNLA, AA နှင့် MNDA အဖွဲ့များ နှင့် ကွတ်ခိုင်မြို့နယ် မောဟန်ကျေးရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ တဆက်တည်းတွင် မော်ဟန်ကျေးရွာသားတစ်ဦး မြေမြုပ်မိုင်းနင်းမိ ဒဏ်ရာရခဲ့သည်။၎င်းနေရာတွင် ယခင်က မိုင်းမရှိဟု ရွာသားများက ပြောသဖြင့် မည်သည့်အဖွဲ့က တာဝန်ရှိသည်ကို မသိနိုင်ပေ။[54] ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ နှင့် မတ်လအတွင်း ရှမ်းပြည်နယ် နမ့်မတူ မြို့နယ် မန်လီကျေးရွာတွင် ရွာသားတော်တော်များများသည် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ TNLA နှင့် ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း)အကြား တိုက်ပွဲများဖြစ်ပြီးနောက် ၎င်းတို့ စိုက်ခင်းများသို့ အပြန်တွင် မိုင်းနင်းမိသဖြင့် အသက်သေဆုံး၊ ထိခိုက် ဒဏ်ရာရခဲ့သည်။[55] ၂၀၁၉ခုနှစ် ဧပြီလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက TNLA နှင့် SSPP နှစ်ဖွဲ့အား မိုင်းထောင်သဖြင့် ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်ဟု စွပ်စွဲခဲ့သည်။[56] ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် နမဒါကျေးရွာ အနီး ရွာသားနှစ်ဦးသည် တပ်မတော်နှင့် ရခိုင်တပ်မတော် အကြားတိုက်ပွဲများဖြစ်ပြီးနောက် မြေမြုပ်မိုင်းထိ ဒဏ်ရာရခဲ့သည်။ မည်သည့်အဖွဲ့က မိုင်းထောင်ခဲ့သည်ကို ရွာသားများ သဲသဲကွဲကွဲ မသိခဲ့ပါ။[57] ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ရှမ်းပြည်မြောက်ပိုင်း သီပေါ မြို့နယ် နမ်မော်လွန်ကျေးရွာတွင် ရွာသားတစ်ဦး သေဆုံးခဲ့ပြီး ရွာသားနှစ်ဦးမိုင်းထိ ဒဏ်ရာရခဲ့သည်။ ၎င်းနေရာသည် ရှမ်းပြည် တပ်မတော် (တောင်ပိုင်း) နှင့် SSPP/SSA အကြားလက်တလော တိုက်ပွဲဖြစ်ပွားခဲ့သောနေရာလည်း ဖြစ်သည်။ နှစ်ဖွဲ့ စလုံးက ၎င်းမိုင်းထိခဲ့မှုအပေါ် တဖက်နှင့်တဖက် အပြန်အလှန် အပြစ်ဖို့ခဲ့သည်။[58]

ကရင်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် မိုင်းအသစ်အသုံးပြုမှုနှင့်ပတ်သက်သော စွပ်စွဲချက် အသစ်များကို အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။

◊ ၂၀၁၉ခုနှစ် ဇူလိုင်လတွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ KNDO သည် တပ်မတော် တိုက်ခိုက်မှုကို ဟန့်တားရန်အတွက် ဘူအာဒါ ကျေးရွာစုအနီး မိုင်းထောင်ခဲ့သည်။[59]

◊ ၂၀၁၉ ခုနှစ် မေလတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ မဲဖရူကျေးရွာစုမှ DKBA အရာရှိတစ်ဦးသည် ၎င်းတို့နေရာကို ကာကွယ်ရန် တောင်ပေါ်ကျေးရွာခုနစ်ရွာအနီး မိုင်းထောင်ရန် ၎င်းရဲဘော်များကို အမိန့်ပေး ခဲ့သည်။[60]

◊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်တောင်ပိုင်းမှ ပအိုဝ်းလွတ်မြောက်ရေးအဖွဲ့က RCSS/SSA သည် ၎င်းတို့ဒေသအတွင်း မြေမြုပ်မိုင်းများ မကြာခဏထောင်လေ့ရှိသည်ဟု ပြောဆိုခဲ့သည်။[61]

◊ ၂၀၁၈ ခုနှစ် ဩဂုတ်မှ စက်တင်ဘာလအတွင်း ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် KNLA တပ်ရင်း ၁၀၂၀ တပ်ခွဲ ၄ က ယခင်တပ်မတော်စခန်းဟောင်းအနီး မိုင်းများထောင်ထားကြောင်း ရွာသားများကို သတင်းပေးပြီး ၎င်းနေရာများကို မသွားရန် ညွှန်ကြားခဲ့သည်။ တဆက်တည်း တပ်မတော်သား နှစ်ဦး မိုင်းထိဒဏ်ရာရခဲ့သည်။[62]

---

52. Landmine Monitor meeting with U Min Htike Hein, Ministry of Defence, in Naypyitaw, 5 July 2019.

53. There are also allegations of use by the Ta'ang National Liberation Army (TNLA), the Shan State Progress Party/Shan State Army-North (SSPP/SSA) and the Restoration Council Shan State/Shan State Army-South (RCSS/SSA) in their operations against Myanmar armed forces during the reporting period.

54. "Kutkai Villager 'Seriously Injured' by Landmine," Burma News International, 20 September 2019.
55. Myat Moe Thu, "Three killed, four injured by landmine in Shan State," Myanmar Times, 1 April 2019.
56. Min Naing Soe. "Army announces TNLA and SSPP planned mine attack in Manli Village," Eleven Myanmar, 1 April 2019.
57. Thein Zaw, "Two villagers injured by a landmine explosion in Paletwa," Narinjara News, 9 September 2019.
58. "One Killed, Two Injured in Hsipaw Landmine Blast," Burma News International, 20 February 2019.
59. "KHRG Submission to Landmine Monitor," September 2019, unpublished.
60. Ibid.
61. Nyein Nyein, "Shan Armed Group Kills At Least Four Ethnic Pa-O in Shooting," the Irrawaddy, 12 December 2018.
62. "KHRG Submission to Landmine Monitor," September 2019, unpublished.

- ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အရပ်သားနှစ်ဦး မိုင်းထိဒဏ်ရာရခဲ့သည့်အပေါ် KIA က TNLA လက်ချက်ဟု စွပ်စွဲခဲ့သည်။[63]
- ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် မွန်ပြည်သစ်ပါတီက KNU သည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဖြူမြို့နယ် နှစ်ဖက်အငြင်းပွားသောနေရာတွင် KNU က မြေမြှုပ်မိုင်းထောင်သည်ဟု ပြောဆိုသည်။[64] KNU က စွပ်စွဲမှုကို ငြင်းဆိုခဲ့သည်။[65]
- ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမမောင်းကျေးရွာအနီး KNLA စစ်သားတစ်ဦးသည် ၎င်းထောင်ထားခဲ့သော မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။[66]

၂၀၁၁ ခုနှစ်တွင် အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူရန် ဆန္ဒရှိကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။၂၀၁၅ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၈) ဖွဲ့သည်“ မိုင်းထောင်ခြင်းကိုအဆုံးသတ်ရမည်။”နှင့်“မြေမြှုပ်မိုင်းရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မည်။” ကတိကဝတ်ပြုသော NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။NCA ကို ကရင်အမျိုးသား အစည်းအရုံး (KNU)မှ ခွဲထွက်ခဲ့သော (၂) ဖွဲ့ အပါအဝင်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၊ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ချင်းအမျိုးသားတပ်ဦးစသည့် တိုင်းရင်းသားလက်နက်ကိုင်(၈) ဖွဲ့က လက်မှတ်ရေး ထိုးခဲ့သည်။[67] ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီ နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သဖြင့် လက်မှတ်ရေးထိုးသူတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ရှိလာခဲ့သည်။[68] ၂၀၁၉ ခုနှစ်ဧပြီလတွင် လူမှုဖူလုံရေး၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးစိုးအောင်က မိုင်းများရှိနေခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် NCA ကိုလက်မှတ်ရေးထိုးခြင်းမရှိခြင်း၏ အကျိုးဆက်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။[69]

ဆွစ် NGOတခုဖြစ်သောGeneva Callမှစီစဉ်သောကတိကဝတ်ပြုမှုသဂ္ဂဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော ယခင် လက်နက်ကိုင်အဖွဲ့များနှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကို ယခင်က တဖက်သတ် စွန့်လွှတ်ခဲ့သည်။[70]

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)သည် ၂၀၀၇ ခုနှစ်တွင် Deed of Commitment ကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ လက်နက်ကိုင်တပ်ဖြစ်သော TNLA သည် မိုင်းအသုံးပြုမှုမှ ကန့်သတ်ရ ယခင်က ကတိပြုခဲ့သည်။[71] ၂၀၁၇ ခုနှစ် ဇွန်လတွင် TNLA က မိုင်အသစ်အသုံးပြုခြင်း စွတ်စွဲချက်များကို ငြင်းဆန်ခဲ့ပြီး ၎င်းသည် Deed of Commitment လက်မှတ်ရေးထိုးသည့်အချိန်မှ စ၍ မြေမြှုပ်မိုင်းများ အသုံးပြုတော့ခြင်းမရှိဟု ထပ်လောင်းပြောဆိုခဲ့သည်။[72]

---

63. “FBR: Clash Summary: Steady Fighting in November in Northern Burma,” Free Burma Rangers, 15 December 2018.
64. “Landmine blasts injure two in NMSP-KNU disputed-area in Yebyu Tsp within this month,” Burma News International, 29 October 2018.
65. “Three More Landmines Explode in Tanintharyi,” Burma News International, 9 January 2019.
66. “Skirmishes Between Burma Army and KNLA Increase in Northern Karen State,” Karen News, 18 September 2018.
67.“ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။”မြန်မာ့အလင်း။ ၁၆အောက်တိုဘာ၂၀၁၅။ စာ၁။ အပစ်အခတ်ရပ်စဲသောသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံရေး အဖွဲ့အစည်းများတွင် လက်နက်ကိုင်တပ်များရှိကြသည်။KNU တွင် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KN-LA)၊ RCSS တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ALP တွင်ရခိုင်လွတ်မြောက်ရေးတပ်မတော်၊ PNLOတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် CNF တွင် ကချင်အမျိုးသား တပ်မတော်တို့ဖြစ်သည်။ ကျန်၂ဖွဲ့သည်တပ်နှင့်နိုင်ငံရေးအမည်တူညီသည်။
68. “Two ethnic armed groups sign ceasefire agreement in Nay Pyi Taw,” Global New Light of Myanmar, 14 February 2018.
69. Lei Lei, “Landmines Strike 10 Civilians in a Single Town in Myanmar’s Shan State,” the Irrawaddy, 27 September 2019.
70. In the past, a few armed groups and former-armed groups, unilaterally renounced the use of antipersonnel mines by signing the Deed of Commitment administered by the Swiss NGO, Geneva Call. The Chin National Front/Chin National Army renounced use in July 2006. The Arakan Rohingya National Organization and the National United Party of Arakan, both now militarily defunct, renounced use in October 2003. The Lahu Democratic Front (LDF), Palaung State Liberation Army, and PPLO/Pa’O Peoples Liberation Army (PPLA) renounced use in April 2007. In a June 2010 report, Geneva Call noted that LDF and the PPLA had disbanded.
71. Since 2014, Geneva Call has been pursuing inquiries about allegations of mine use made against the TNLA. See, Geneva Call, “Burma/Myanmar: Geneva Call urges an end to mine use in northern Shan State,” 14 July 2016.
72. Amnesty International, “All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar,” 14 June 2017, p. 44.

## မြေမြုပ်မိုင်းအသစ်အသုံးပြုမှုအပေါ် တုန့်ပြန်မှုများ

### စာချုပ်အဖွဲ့ဝင်နိုင်ငံများ

ယခုအစီရင်ခံကာလအတွင်း မြန်မာနိုင်ငံအစိုးရအရာရှိများစွာက အစိုးရတပ်ဖွဲ့များ မြေမြုပ်မိုင်းအသုံးပြုခြင်းနှင့် ပတ်သက်၍ ဂန်ခံခြင်း သို့မဟုတ် ငြင်းဆန်ခြင်းများပြုလုပ်ခဲ့သည်။၂၀၁၈ခုနှစ် နိုဝင်ဘာလတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၇ ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်တစ်ဦးက ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင်အစိုးရစစ်တပ်က မြေမြုပ်မိုင်းထောင်သည်ဆို သောစွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း အခိုင်အမာ ပြောဆိုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နှင့်ပူးတွဲ နယ်စပ် ကင်းလှည့်တပ်ဖွဲ့များက မည်သည့်မိုင်းမှ တွေ့ခဲ့ခြင်း မရှိကြောင်း ပြောဆိုခဲ့သည်။[73] သို့သော် ၂၀၁၉ခုနှစ်ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိ တစ်ဦးက Landmine Monitor အဖွဲ့အား "အရပ်သားအစိုးရတာဝန်ယူသည့်အချိန်မှစ၍ တပ်မတော်သည် မြေမြုပ်မိုင်း အသုံးပြုခြင်း မရှိ တော့ကြောင်း"ပြောဆိုခဲ့သည်။သို့သော်လည်းတချို့အခြေအနေများတွင်တော့ မြေမြုပ်မိုင်းများ ဆက်လက် အသုံးပြုနေဆဲဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ "တချို့နယ်စပ်ဒေသများတွင် တပ်မတော် အင်အားနည်းပါးနေပါက ၎င်းတို့တပ်ဆွဲသည့်နေရာတဝိုက်တွင် မိုင်းထောင်ကြောင်း၊ သို့သော် အင်အားနည်းပါးသည့် အချိန်တွင်သာ အသုံးပြုသည်ဟု ၎င်းအရာရှိက တိတိကျကျ ပြောဆိုခဲ့သည်။ ဆက်သွယ်ရေး တာဝါတိုင်များကဲ့သို့သော အဆောက် အဦးများအနီးတွင်လည်း မိုင်းထောင်လေ့ရှိပါတယ်။ အနီးမှာ ရွာတွေရှိတယ်ဆိုရင် ကျနော်တို့ သတိပေးပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ထိန်းချုပ်တဲ့နေရာမှာ တပ်မတော်စခန်းရှိလို့ အဲဒီ စခန်းဟာ ချောင်းမြောင်း ပစ်ခတ် နှောင့်ယှက်ခံရရလည်း အနီးတဝိုက်မှာ မိုင်းထောင်ပါတယ်ဟု ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။"[74] "ပြည်တွင်းပဋိပက္ခတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်နေသော မြန်မာနိုင်ငံ လက်နက်ကိုင် တပ်ဖွဲ့များသည် မြေမြုပ်မိုင်းများ အသုံးပြုခြင်းမရှိ" ဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။[75] သို့သော် ၂၀၁၈ ခုနှစ် ဇွန်လ တွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မြန်မာနိုင်ငံလက်နက်ကိုင် တပ်များသည် မြေမြုပ်မိုင်းများကို "မိမိကိုယ်မိမိ ကာကွယ်ခြင်း"အတွက်သာ အသုံးပြုရန်နှင့် "စနစ်တကျ မြေပုံအမှတ်အသားပြုလုပ်ရန်"စည်းကမ်းများကို တိတိကျကျလိုက်နာရသည်ဟု Landmine Monitor သို့ ပြောဆိုခဲ့သည်။[76]

မြန်မာနိုင်ငံ၏ အစိုးရမဟုတ်သော လက်နက်ကိုင်မဟုတ်သော အဖွဲ့အစည်းများသည် လူသတ်မိုင်း အသုံးပြုခြင်းကို အစိုးရတပ်များကိုသော်လည်းကောင်း၊ ၎င်းအချင်းချင်းကိုသော်လည်းကောင်း ပြစ်တင်ပြောဆိုလေ့ရှိသည်။[77] သို့သော် KIAက ယမန်နှစ်အတွင်း ၎င်း၏မိုင်းထုတ်လုပ်မှုနှင့် လက်လုပ်မြေမြုပ်မိုင်းများ အသုံးပြုခြင်းကို ကာကွယ်ပြောဆိုခဲ့သည်။ သတင်း ထုတ်ပြန်ရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘုက ၂၀၁၈ခုနှစ် ဇန်နဝါရီလ မီဒီယာ အင်တာဗျူးတစ်ခုတွင် KIA၏ မိုင်းအသုံးပြုမှုနှင့်ပတ်သက် ၍ KIA သည် "မိမိတို့ဌာနချုပ်တဝိုက်နှင့် ရှေ့တန်းစခန်းသို့သွားသောလမ်းများတွင်" ထောင်သည်ဟုပြောကြားခဲ့သည်။"မိမိတို့ သည် ပဋိပက္ခ ဒေသများတွင်သာ မိုင်းထောင်၍အရပ်သားပြည်သူများ လှုပ်ရှားသွားလာသောနေရာများတွင် မိုင်းထောင်ခြင်းမပြု။" ဟု ၎င်းတို့မိုင်း အသုံးပြုမှုကို ကာကွယ်ပြောဆိုခဲ့သည်။[78]

မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းအသုံးပြုနေခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ရှုံ့ချပြောဆိုသည်။

၂၀၁၉ခုနှစ် ဇွန်လတွင် UN အထွေထွေအတွင်းရေးမှူးချုပ်၏ လက်နက်ကိုင်ပဋိပက္ခနှင့် ကလေးသူငယ်များဆိုင်ရာ အထူးကိုယ်စားလှယ်က "မြန်မာနိုင်ငံတွင်သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကြောင့် ကလေးသူငယ်များသည် မြေမြုပ်မိုင်းထိမှန်၍ အသက်သေဆုံး၊ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာ ရရှိနေခြင်းများ" ကို အလေးပေး အာရုံစိုက်ကြရန် တောင်းဆိုခဲ့သည်။[79]

၂၀၁၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် လူ့အခွင့်အရေးမဟာမင်းကြီး မစ်ရှယ်ဘက်ချက်လက်က မြန်မာနိုင်ငံတွင် အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့စလုံးသည် လူသတ်မြေမြုပ်မိုင်းများအသုံးပြုမှုကို ရှုံ့ချခဲ့သည်။[80]

---

73. Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018. "...the security forces of Myanmar and Bangladesh have been conducting coordinated patrol along the border in the west of Myanmar. Coordinated patrol has been made for 19 times so far since August of this year. No incidents of landmines casualty have been reported in the area. Such accusation without concrete evidence will not help facilitate countries to join the convention."
74. Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defence, Ministry of Defence, in Naypyitaw, 5 July 2019.
75. Statement of Myanmar, Mine Ban Treaty Sixteenth Meeting of States Parties, Vienna, 21 December 2017.
76. Landmine Monitor meeting with U Min Htike Hein, Ministry of Defence, in Naypyitaw, 29 June 2018.
77. Lawi Weng, "3 Civilians Reportedly Killed by Landmines in Shan State in June," the Irrawaddy, 8 July 2018.
78. Nang Lwin Hnin Pwint, "Mined areas increase to 11 Townships-original in Burmese language," the Irrawaddy, 13 January 2018.
79. UN, "Children and armed conflict Report of the Secretary-General," A/73/907–S/2019/509, 20 June 2019.
80. OHCHR, "Mine Ban Convention – 20 years of protection. Celebrating 20 years since the Mine Ban Treaty entered into force," Keynote Speaker: UN High Commissioner for Human Rights Michelle Bachelet, 1 March 2019, Palais des Nations, Geneva.

၂၀၁၇ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ လူ့အခွင့်အရေးကောင်စီတွင် ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင် နာမင်းကြီး ဇီရိဒ်ရာအဒ်အယ်လ် ဟူစိန်က "မြန်မာအာဏာပိုင်များသည် ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက်တွင် မြေမြှုပ်မိုင်းများ စတင် ထောင်နေ ဟူသော အစီရင်ခံမှုများအတွက် အလွန် ထိပ်လန့်မိပါသည်" ဟု ပြောဆိုခဲ့သည်။ ၂၀၁၇ခုနှစ်မတ်လတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က "မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို အဖွဲ့အစည်းအားလုံးက ချင်ချင်းရပ်တန့်ပေးရန် " တောင်းဆိုခဲ့သည်။" ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် လူ့အခွင့်အရေးကောင်စီက မြေမြှုပ်မိုင်းသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အတွင်းရှိ စစ်ပြေးရှောင်ပြည်သူများ နေရပ်ရင်းပြန်ရန်အတွက် အဟန့်အတားဖြစ်နေသည်ဟု အစီရင်ခံခဲ့သည်။[81]

မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အဖွဲ့ဝင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာအစိုးရ လုံခြုံရေး တပ်ဖွဲ့ များက နယ်စပ်တလျှောက်တွင် မြေမြှုပ်မိုင်းအသစ်များဆက်လက်အသုံးပြုခြင်းကို ကန့်ကွက်ခဲ့သည်။[82] ၂၀၁၇ စက်တင်ဘာလ ၂၁ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံနှင့်နယ်နမိတ်ထိ စပ် နေသည့် နယ်နမိတ်စည်းမျဉ်းတွင် မိုင်းအသစ်များ အသုံးပြုနေ သည်ဟု ရှုံ့ချပြစ်တင်ခဲ့သည်။ "ရိုဟင်ဂျာပြည်သူများ မြန်မာနိုင်ငံသို့ ပြန်မလာနိုင်အောင် နယ်စပ်တလျှောက် မြန်မာအာဏာပိုင်များက မြေမြှုပ်မိုင်းများ ချထားသည် မြင်ရသည့်အတွက် အလွန်အမင်း တုန်လှုပ်မိပါသည်" ဟု သူမက ပြောဆိုခဲ့သည်။[83] ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းနယ်စပ်ဖက်ခြမ်းတွင် လူသတ်မိုင်းများထောင်ထား သည်ကို ညွှန်ပြသော သက်သေ အထောက်အထား မရှိပေ။

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံ အဆင့်မြင့် ကိုယ်စားလှယ်များအကြား အစည်း အဝေးတစ်ခုအတွင်း ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး အာဆဒူဇူမန် ကန်ကမယ်က မြန်မာစစ်တပ်အား ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မြေမြှုပ်မိုင်းများဆက်လက်မထောင်ရန် ပြောခဲ့သည်ဟုဆိုသည်။ "ဇီရိုးလိုင်းတလျှောက်မှာ မိုင်းထောင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျမပြောခဲ့ပါတယ်။ နိုင်ငံတကာဥပဒေအရ မြန်မာနိုင်ငံဟာ နယ်စပ်မှာ မိုင်းထောင်လို့မရဘူးဆိုတဲ့အကြောင်း ဝန်ကြီးကို ကျမ ရှင်းရှင်းလင်းလင်းပြောခဲ့ပါတယ်။ ဒါဟာ ဥပဒေနှင့် မညီပါဘူး။"[84]

မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအသစ်အသုံးပြုခြင်းအတွက် ICBL က အပြင်းအထန်ရှုံ့ချခဲ့သည်။ "နေအိမ်မှ ထွက်ပြေးသူ အရပ်သားပြည်သူများကို ထိခိုက်သေကြေစေသည့် တရားမဝင်လက်နက်အသုံးပြုခြင်းအတွက် မည်သည့်အကြောင်းပြချက်မျိုးမှ မရှိနိုင်ပေ။" ဟု ဖေါ်ပြထားသည်။

လွန်ခဲ့သော နှစ်များအတွင်း မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှုရပ်တန့်ရန်၊မိုင်းရှင်းလင်းရန်တောင်းဆိုမှုများ ပိုမြင် တွေ့လာ ရသည်။ ၂၀၁၉ခုနှစ် စက်တင်ဘာလတွင် ရှမ်းပြည်နယ်ကျောက်မဲမြို့နယ်အတွင်း မိုင်းနှင့်တခြား စစ်ပွဲ ကြောင့် ထိခိုက်ဒဏ်ရာရသူများကို အကူအညီပေးနေသော ဒေသခံ NGO ဖြစ်သည့် Jivita သည် တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား လုံးကို မြေမြှုပ်မိုင်းအသုံးပြုခြင်းရပ်တန့်ရန် မေတ္တာရပ်ခံခဲ့သည်။[85]

၂၀၁၈ ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ်လွှတ်တော်အမတ် ဒေါ် နန်းခင်ထားရီက မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင် ခြင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းမရှိသေးသည့်အပေါ် သူမအနေဖြင့် အလွန်အမင်း စိတ်မကောင်းဖြစ်ရပါကြောင်း နှင့် အစိုးရကို လက်မှတ်ရေးထိုးရန် တွန်းအားပေးသွားမည်ဟု ကတိပြုခဲ့သည်။[86] ၂၀၁၇ ခုနှစ်မေလ ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ပြည်ထောင်စုအဆင့် JMC ခေါင်းဆောင်က ပြည်သူလူထုအား ဒေသခံအရာရှိများကို မိုင်းများနှင့် မပေါက် ကွဲသေးသောပစ္စည်းများ ရှင်းလင်းရေးတောင်းဆိုရန် အကြံပြုခဲ့သည်။[87] ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မန်တုန်မြို့နယ်ပြည်သူ့ လွှတ်တော်က အစိုးရစစ်တပ်နှင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုက်ပွဲများတွင် မြေမြှုပ်မိုင်းအသုံးပြုခြင်းကို ရှုံ့ချသော ကြေငြာချက်ထုတ်ပြန်ခဲ့ပြီး အဖွဲ့အစည်းများအားလုံးကို မြေမြှုပ်မိုင်း အသုံးပြုမှုရပ်တန့်ရန် တောင်းဆိုခဲ့သည်။[88]

---

81. Human Rights Council, "Report of the Independent International Fact-Finding Mission on Myanmar," 28 August 2018.
82. Bangladesh, "Statement under Thematic Discussion on "Conventional Weapons" in the First Committee of the 72nd session of the UN General Assembly on Wednesday, 18 October 2017," New York, 18 October 2017.
83. UN video, "Bangladesh - Prime Minister Addresses General Debate, 72nd Session," 21 September 2017.
84. "Stop Landmines, Airspace Violations, Bangladesh Minister told Myanmar Delegation," *Radio Free Asia*, 5 October 2017.
85. Lei Lei, "Landmines Strike 10 Civilians in a Single Town in Myanmar's Shan State," the Irrawaddy, 25 September 2019.
86. Pyae Thet Phyo, "Government to go slow on EU landmine aid offer," Myanmar Times, 6 April 2018.
87. Saw Nyunt Thaung, "Panglong fails to address need for landmine clearance agreements," Karen News, 30 May 2017.
88. Nyein Zaw Lin, "MP denounces collateral damage and landmine danger," Myanmar Times, 25 January 2017.

## သတ်ရောက်မှု

ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်လွတ်လပ်ရေးရသည့်အချိန်မှစ၍ တပ်မတော်နှင့်လူနည်းစု တိုင်းရင်းသားများနှင့် ဆက်နွယ်သော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပျံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းများ ထောင်ထားသည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက မိုင်းအသစ်များ ဆက်လက်ထောင်နေဆဲဖြစ်သည်။ မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း လက်လုပ်မိုင်းများနှင့် နိုင်ငံတွင်း အစိုးရ စက်ရုံထုတ်မိုင်းများ ပါဝင်သည်။ မိုင်းပြန့်နှံ့မှုကြောင့် ဒုက္ခသည်များနှင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်ရင်း ပြန်ရန်အတွက် အဟန့်အတားဖြစ်စေသည်။ နိုင်ငံအတွင်းမိုင်းအရေးဆောင်ရွက်နေသူများ၏ အစီရင်ခံမှုများတွင် လွန်ခဲ့သော နှစ်များအတွင်း မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှုအရည်အတွက် ပိုများလာသည်ကို မြင်တွေ့ရ သည်။

ယခင်အစိုးရလက်ထပ်တွင် မိုင်းအရေးဆောင်ရွက်မှုဌာနတည်ထောင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် အစိုးရ အသစ်လက်ထက်တွင် ဖျက်သိမ်းခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ အစိုးရသည် ရှင်းလင်းသော မိုင်းအရေးဆောင်ရွက်ခြင်း မဟာဗျူဟာ သို့မဟုတ် တာဝန်ခံဆောင်ရွက်မှုစနစ်တစ်ခု တည်ထောင်ခင်း မရှိသေးပေ။ တပ်မတော်သည် မိုင်းရှင်းလင်းမှုတချို့ ဆောင်ရွက်ခဲ့သော်လည်း ၎င်းလုပ်ငန်းများသည် စနစ်တကျ သို့မဟုတ် မှတ်တမ်းတင်ခြင်းမရှိပေ။ ၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ လူသားချင်းစာနာသော မိုင်းရှင်းလင်းမှုလုပ်ငန်း ဆောင်ရွက်သူများ စတင်ရောက်လာခဲ့သော်လည်း ယခုအချိန်အထိ တရားဝင် မိုင်းရှင်းလင်းခွင့် မရှိသေးပေ။

၂၀၁၉ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသည် စနစ်တကျမိုင်းရှင်းလင်းခြင်းအတွက် အမျိုးသားမိုင်းအရေး ဆောင်ရွက်မှု စံသတ်မှတ်ကို အပြီးသတ်ဆောင်ရွက်ခဲ့သည်ဟု ကြေငြာခဲ့သည်။ မြန်မာနိုင်ငံသည် ဒေသတွင်း နိုင်ငံများနှင့်လည်း လက်တွဲဆောင်ရွက်နေသည်။ ASEAN ဒေသဆိုင်ရာ မိုင်းအရေး ဆောင်ရွက်ခြင်း ဌာနအောက်ရှိ ASEAN ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး (ADMM) - အပေါင်း လူသားချင်းစာနာသောမိုင်းအရေး ဆောင်ရွက်မှု ပညာရှင်များအလုပ်အဖွဲ့ နှင့် ပူးတွဲ ဆောင်ရွက်သည်။ ၁၉၉၉ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုလုံး မြန်မာနိုင်ငံတွင် မိုင်းနှင့်စစ်အတွင်းကြွင်းကျန် ရစ်သော ပေါက်ကွဲစေသောပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရရခဲ့သူများနှင့် မသန်စွမ်းသူများအတွက် အကူအညီသည် မဖြစ် စလောက်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာဏာပိုင်များသည် ကျန်းမာရေးဝန်ဆောင်မှုကို နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာအာဏာပိုင်များတွင် မိုင်းသင့်ပြည်သူများ အကူအညီပေးရေး အမျိုးသားအစီအစဉ် သို့မဟုတ် မဟာဗျူဟာတစ်ခုရှိခဲ့သည်။ ၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် မိုင်းသင့်ပြည်သူ များအတွက် အကူအညီပေးရေးလိုအပ်ချက်အတွက် အမြင်များသိသိသာသာမြင့်မားလာခဲ့သည်ကို တွေ့ရသည်။ NGO များ၏ ကနဦး ဆောင်ရွက်ချက်များ၏ ရလဒ်များလည်း ဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာအစိုးရနှင့် သဘောတူညီချက်အရ ICRC သည် အစိုးရဦးစီးဆောင်ရွက်သော ပြန်လည်ပြုစု ပျိုးထောင်ရေးဌာနများကို စတင်ထောက်ပံ့ခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ ၎င်းဌာနများသည် ပြင်ပအကူအညီမရှိ လည်ပတ်ခဲ့ရသည်။

၂၀၁၄ ခုနှစ်မှ စတင်၍ အကူအညီပေးခြင်းဝန်ဆောင်မှုအရေအတွက် သိသိသာသာတိုးများလာခဲ့သည်။ ယခု အချိန်တွင် အစိုးရဌာနများ၊ UN၊ နိုင်ငံတကာနှင့် ဒေသခံ NGO များ၊ လူမှုအသိုင်းအဝန်း အခြေပြုအဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းပေါင်း တဒါဇင်ကျော်ရှိလာပြီဖြစ်သည်။ မိုင်းသင့်ပြည်သူများ အကူအညီပေးခြင်းဌာနများ ပေါ် ပေါက်လာပြီး၊ ရွှေ့ပြောင်းဝန်ဆောင်မှုများ အပါအဝင် ခြေတုလက်တု ဝန်ဆောင်မှုများလည်း ပေါ် ပေါက် တိုးတက်လာသည်။ ဒေသတွင်း လူမှုအသိုင်းအဝန်းအခြေပြု ပြန်လည်ပြုစုပျိုးထောင်ခြင်း နှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများလည်း တိုးများလာသည်။ မိုင်းအန္တရာယ်ရှိမှု လျော့ပါးရေးအလုပ်အဖွဲ့ (MRWG) အောက် လုပ်ငန်းခွဲတစ်ခုဖြစ်သော အမျိုးသားမိုင်းသင့်ပြည်သူများ အကူအညီပေးရေးနည်းပညာအဖွဲ့ ပေါ် ပေါက်လာခြင်းနှင့်အတူ တာဝန်ခံဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်လာခဲ့သည်။ ထို့အပြင် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းများ နည်းပါးနေဆဲဖြစ်သည်။ အထူးသဖြင့် အလှမ်းဝေးကွာသော ကျေးလက်ဒေသမှပြည်သူများအတွက် ဖြစ်သည်။

မြန်မာနိုင်ငံသည် မသန်စွမ်းပြည်သူများ အခွင့်အရေးသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

## သတ်ရောက်မှုများ၊ မိုင်းအရေးစီမံခန့်ခွဲမှုနှင့် တာဝန်ခံဆောင်ရွက်မှုများ

| မိုင်းအရေးတာဝန်ခံဆောင်ရွက်မှုများ | |
|---|---|
| အမျိုးသားမိုင်းအရေးစီမံခန့်ခွဲမှု<br><br>ဆောင်ရွက်သူများ | • တပ်မတော်သည် နိုင်ငံအတွင်း မိုင်းရှင်းလင်းခြင်းအတွက် ၎င်းတို့တွင် တာဝန်ရှိသည်ဟု ပြောဆိုသည်။<br>• ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပြည်နယ်အဆင့် တာဝန်ခံဆောင်ရွက်မှုအေဂျင်စီလေးခုပါဝင်သော မိုင်းအန္တရာယ်လျှော့ပါးရေးအလုပ်အဖွဲ့ (MRWG) သည် အန္တရာယ်ပညာပေးခြင်းနှင့် မိုင်းသင့်ခံရသူများ အကူအညီပေးခြင်းလုပ်ငန်းများတွင် ဦးဆောင်သည်။ |
| UN အေဂျင်စီများ | UNICEF<br><br>UNHCR |
| မိုင်းအရေးဥပဒေပြုခြင်းများ | မရှိ |
| မိုင်းအရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ | မိုင်းအရေးမဟာဗျူဟာ လက်တလောမရှိ။ |
| မိုင်းအရေးဆောင်ရွက်မှု<br><br>စံသတ်ချက်များ | ၂၀၁၉ ခုနှစ်အောက်တိုဘာလတွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု စံသတ်ချက်ကို အပြီးသတ်ရေးဆွဲ နေဆဲဖြစ်သည်။<br><br>လတ်တလောတွင် နိုင်ငံတကာမှ မိုင်းအရေးဆောင်ရွက်သူများသည် နိုင်ငံတကာ မိုင်းအရေးဆောင်ရွက်မှုစံသတ်မှတ်ချက်များ (IMAS) ကို လိုက်နာသည်။ |

## သတ်ရောက်မှုများနှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအတွက် အကူအညီရေးဆွဲခြင်းနှင့် တာဝန်ခံပူးပေါင်း ဆောင်ရွက်ခြင်း

| မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း တာဝန်ခံပူပေါင်းဆောင်ရွက်ခြင်း | |
|---|---|
| အစိုးရဆုံချက် | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးနှင့် မသန်စွမ်းသူများ ဌာန |
| တာဝန်ခံပူးပေါင်းဆောင်ရွက်ရေး<br><br>လုပ်ငန်းယန္တရား | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနနှင့် မိုင်းသင့်ပြည်သူ အကူအညီပေးခြင်းနှင့် တခြားမိုင်းအရေးဆောင်ရွက်မှု ကဏ္ဍများအတွက် တာဝန်ရှိသော MRGW တွင် UNICEF က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူထားသည်။<br><br>Humanity & Inclusion (HI) က တာဝန်ခံဆောင်ရွက်သော အမျိုးသားအဆင့် မိုင်းသင့်ပြည်သူအကူအညီပေးရေးနည်းပညာအဖွဲ့ သည် MRWG ထီးရိပ်အောက်တွင် အမျိုးသားနှင့် နိုင်ငံတကာ မိုင်းသင့်ပြည်သူ အကူအညီပေးရေးဆောင်ရွက်သူများကို စုစည်းသည်။ |
| မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း အစီအစဉ် | မရှိ<br><br>မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အမျိုးသားမဟာဗျူဟာပြင်ဆင်ရေးဆွဲခြင်းသည် ကော်မတီခွဲရှစ်ခု၏ အထောက်အပံ့နှင့်အတူ လုပ်ငန်းကောက်မတီ၏ ခေါင်းဆောင်မှုအောက်တွင် ဆောင်ရွက်နေသည်။ အစိုးရကိုယ်စားလှယ်များ၊ မသန်စွမ်းသူများအဖွဲ့ အစည်းနှင့် တခြားNGOမှ ကိုယ်စားလှယ်များ၏ ပူးပေါင်း ပါဝင်မှုနှင့်အတူ အဓိကလူမှုရေးဌာနများက ဦးဆောင်သည်။ ၂၀၁၉ခုနှစ် ဧပြီလတွင် လူမှုလူဖုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် CRPD အရ မြန်မာနိုင်ငံ၏ တာဝန်ရှိမှုနှင့်အညီအမျိုးသားအဆင့်မဟာဗျူဟာ မူကြမ်း ရေးဆွဲခြင်းနှင့် စီမံကိန်းအစည်းအဝေးကျင်းပခဲ့သည်။[89] |
| မသန်းစွမ်းကဏ္ဍထည့်သွင်း ပေါင်းစည်းမှု | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံသည် CRPD အပေါ်အခြေခံ၍ အမျိုးသားအဆင့်မသန်စွမ်းမှုဥပဒေနှင့် အမျိုးသားအဆင့်လူမှုရေး အကာအကွယ်ပေးခြင်း မဟာဗျူဟာတွင် မိုင်းသင့်ကူညီများအတွက် အကူအညီကို ထည့်သွင်း ပေါင်းစပ်ထားကြောင်း ပြောကြားခဲ့သည်။[90] |
| အသက်ရှင်ကျန်ရစ်သူများ ပါဝင်ခွင့်ပေးခြင်းနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း | စစ်အတွင်းကြွင်းကျန်ရစ်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ/ မိုင်း ဒဏ်သင့်ခံရသူများ၏ ကိုယ်စားပြုမှု တိုက်ရိုက် မပါရှိသေးသော်လည်း များစွာသော တာဝန်ခံညှိနှိုင်းမှုအခန်းကဏ္ဍများတွင် DPOs များစွာ ပါဝင်ကြသည်။<br><br>မြေမြုပ်မိုင်းနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် မသန်စွမ်း ပြည်သူဦးရေပိုများလာသော်လည်း မူဝါဒနှင့် ဆုံးဖြတ်ချက်ချသူများက အကြံပြု ဆွေးနွေးသူများအကြားတွင် ၎င်းတို့ မပါဝင်ပေ။[91] |

89. "Myanmar drafts national strategy for disabled," Xinhua, 4 April 2019.
90. Presentation by Dr San San Aye, Deputy Director General of the Department of Social Welfare, Ministry of Social Welfare, Relief, and Resettlement, Meeting of National Mine Action Programme Directors, Geneva, 17 February 2015.
91. International Alert Myanmar, "Conflict impacts on gender and masculinities expectations on people with disabilities in Kachin state: A rapid assessment," Kachinland Research Centre (KRC), December 2018.

**သတ်ရောက်မှုများနှင့် ဖြန့်ကျက်မှုများ**

| ဖြန့်ကျက်မှုပမာဏ | |
|---|---|
| မြေမြှုပ်မိုင်းများ | မသိ။ (လက်လုပ်မိုင်းများအပါအဝင်ဖြစ်သည်။)<br><br>၂၀၁၈ ခုနှစ် ၂၀၁၉ ခုနှစ်အတွင်း မိုင်းအသစ်ဖြန့်ကျက်မှုများ |
| တခြား ERW ဖြန့်ကျက်မှုများ | ပမာဏ မသိရ။ |

ပြည်နယ် နှင့် တိုင်းဒေသကြီး ၁၀ ခုအတွင်း မြို့နယ် ၈၄ (မြို့နယ်စုစုပေါင်း ၃၂၅ ခုအနက်) ခုတွင် မိုင်းဖြန့်ကျက်မှု အတိုင်းအတာတစ်ခုအထိ ရှိနေကြောင်းယုံကြည်ရသည်။ အဓိကအားဖြင့် လူသတ်မိုင်းများဖြစ်သည်။[92] လွန်ခဲ့သော နှစ်အတွင်း ရခိုင်ပြည်နယ်နှင့် နိုင်ငံ၏မြောက်ဖက်ပိုင်းတွင် မိုင်းပြန့်နှံ့မှု တိုးများလာခဲ့သည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်သည် မိုင်းပြန့်နှံ့မှု အလွန်များသည်။ ယခင်ကာလတွင် ကရင်ပြည်နယ် နှင့် ပဲခူးတိုင်းသည် မိုင်းပြန့်နှံ့မှု အများဆုံးဖြစ်ပြီး မိုင်းသင့် ပြည်သူအရည်အတွက်လည်း အများဆုံး ဖြစ်သည်။[93]

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် UN အချက်အလက်ရှာဖွေရေးမစ်ရှင်တစ်ခုက "၂၀၁၅ ခုနှစ် အောက်တိုဘာလ တွင် မြေမြှုပ်မိုင်းများ အသုံးပြုကိုရပ်စဲပြီး၊ မိုင်းရှင်းလင်းရေး အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ကတိကဝတ်ပြုသော တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ခဲ့သော်လည်း" မြေမြှုပ်မိုင်းအသစ်များဆက်လက်ထောင်နေဆဲဖြစ်သည်။[94] တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းများထောင်သည်ဟု ယုံကြည်ရသော အစီရင်ခံမှုများ ရှိသည်။ "တပ်မတော်သားများသည် ရွာများကိုဝင်ရောက်တိုက်ခိုက်အပြီး သို့မဟုတ် အရပ်သားများ ထွက်ပြေးသွားသည့် နောက်ပိုင်းတွင် မြေမြှုပ်မိုင်းများထောင်လေ့ရှိသည်။အရပ်သားများ အသုံးပြုသော လမ်းများတွင်လည်း မကြာခဏ ဆိုသလို မိုင်းထောင်သည်။" [95]၂၀၁၈ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် မိုင်းအသစ်ပြန့်နှံ့မှုများ ဖြစ်ပေါ်ခဲ့သည်။ယခင်က မိုင်းပြန့်နှံ့မှုမရှိသော မြို့နယ် အများအပြားတွင် မိုင်းအသစ်များတွေ့ရသည်။ အစိုးရစစ်တပ် နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များက ဆက်လက်အသုံးပြု နေခြင်းကြောင့် မိုင်းအသစ်ပြန့်နှံ့မှုများနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တလျှောက်လုံး နှင့် ၂၀၁၉ ပထမနှစ်လည်အထိ အစီရင်ခံမှု များရှိခဲ့သည်။ (အသေးစိတ်ကို မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာတွင်ကြည့်ပါ။)

မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြှုပ်မိုင်းစောင့်ကြည့် လေ့လာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များတွင် မိုင်းပြန့်နှံခြင်း၊ မိုင်းထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် မိုင်းအန္တရာယ်ရှိသော SHA ဒေသများဖြစ်ကြောင်း အစီရင်ခံမှုများရှိသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ဗန်းမော်၊ချီဖွေ၊ ဖားကန့်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မူဆယ်၊ မြစ်ကြီးနား၊ ရွှေကူ၊ဆင်ဘို၊ ဆမ်ပရာဘန်၊ တနိုင်း၊ဆော့လော်နှင့် ပိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော၊ ကျောက်ဖြူ၊ ဘူးသီးတောင်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း နှင့် ရသေ့တောင်။

---

92.Myanmar is divided into states and regions. States are the designated home areas of some of Myanmar's larger ethnic groups. Other areas, which are not identified with a specific ethnic group, are administrative regions. The former military junta changed the name from Burma to Myanmar in 1989 and also changed the names of some states. Many ethnic groups within the country still prefer to use the name Burma. Internal state and division names are given in their common form or with the name adopted by the former military regime in parentheses.

93. Research by Landmine Monitor. Data sources included casualty information, sightings of mine warnings, and reports by NGOs and other organizations of use, as well as interviews with field staff and armed forces personnel. The survey included casualty data from January 2007 through December 2018 and data from other informants from January 2008 through October 2019.

94. UN, "Report of the Detailed Findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2017, p. 95.

95. Ibid., p. 95.

- ရှမ်းပြည်နယ် - ဟိုပုံး၊ သိန္နီ၊ ဆီဆိုင်၊ သီပေါ၊ကွမ်းယန်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ လန်ခို၊ လားရှိုး၊လွိုင်လင်၊ လောက်ကိုင်၊ မိုင်းတုံ၊မောက်မိုင်၊မိုင်းရှူး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ မူဆယ်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ နောင်ချို၊ ပန်ဆန်၊ တန့်ယန်း နှင့် ရွာငံ
- တနင်္သာရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ
- ချင်းပြည်နယ်။ ပလက်ဝ နှင့်
- စစ်ကိုင်းတိုင်းဒေသကြီး ။ အင်းတော်

တချို့မိုင်းများသည် နိုင်ငံပိုင်စက်ရုံများမှ ထုတ်သော မိုင်းများဖြစ်သည်။ ကပစ (မြန်မာနိုင်ငံ ကာကွယ်ရေး စက်ပစ္စည်းထုတ်စက်ရုံ) သည် PMN, POMZ နှင့် M14 ပြည်တွင်းထုတ်များအပါအဝင် လူသတ်မိုင်းအမျိုးအစား အနည်းဆုံး ၅ မျိုးထုတ်သည်။ (အသေးစိတ်ကို မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းမူဝါဒ ထုတ်လုပ်ခြင်း အခန်းတွင် ကြည့်ပါ။)

မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းပြန့်နှံ့မှုသည် ဒုက္ခသည်နှင့် စစ်ဘေးရှောင်ပြည်သူများ နေရပ်ရင်း ပြန်ရန်အတွက် အခက်အခဲတစ်ခု ဖြစ်နေသည်ဟု မကြာခဏ ထုတ်ဖော် ပြောဆိုခဲ့သည်။ ၂၀၁၈ ခုနှစ်မေလထုတ် တာရှည်ခံသော ငြိမ်းချမ်းရေးအစီအစဥ်စုပေါင်းအစီရင်ခံစာအရ ကချင်ပြည်နယ်တွင် နိုင်ငံတွင်းစစ်ဘေးရှောင်ပြည်သူများက မြေမြှုပ်မိုင်းသည် ၎င်းတို့ နေရပ်ရင်းပြန်နိုင်ရန် အခက်အခဲများအနက် တစ်ခုဖြစ်သည်ဟု ပြောဆိုခဲ့သည်။[95] ၂၀၁၉ ခုနှစ် မေလတွင် မြန်မာအစိုးရသည် နိုင်ငံအတွင်းရှိသော စစ်ဘေးရှောင်စခန်းများအားလုံး ပိတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားအဆင့် မဟာဗျူဟာမူကြမ်းတစ်ခု ထုတ်ဝေခဲ့သည်။ သို့သော် ၎င်းမဟာဗျူဟာတွင် မိုင်းရှင်းလင်းရန်လိုအပ်သည်ဟူ၍ ဖော်ပြထားခြင်းမရှိပေ။ [96] သို့သော် စစ်တပ်သည် ယခင် တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာခဲ့သော ပြည်သူများ နေရပ်ရင်းပြန်လာနိုင်ရန် ကချင်ပြည်နယ် နမ်ဆန်ယန်းကျေးရွာမှ မြေမြှုပ်မိုင်းများ ဖယ်ရှားခဲ့သည်။[97]

မြန်မာနိုင်ငံသည် မော်တာ၊ လက်ပစ်ဗုံး၊ အမြောက်ဆန် နှင့် ဝေဟင်မှကြဲသော ဗုံးများအပါအဝင် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ (ERW) ၏ သတ်ရောက်မှုကိုခံနေရသည်။ အခါအားလျော်စွာ ထုတ်ဝေသောအစီရင်ခံစားများအရ ပေါက်ကွဲစေသောပစ္စည်းများသည် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော လက်နက်များ ဖြစ်သည်ကို တွေ့ရသည်။[98] ကချင်ပြည်နယ် တွင် ၂၀၁၈ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၉ ခုနှစ်အစောပိုင်းတွင် တိုက်ပွဲများနှင့်သက်ဆိုင်သော ERW အသစ်များ ပြန့်နှံ့မှုရှိကြောင်း အစီရင်ခံမှုများ ရှိခဲ့သည်။[99]

96. *Durable Peace Programme Endline Report* (Kachin, Myanmar, May 2018). The Durable Peace Programme is a consortium of seven local and international organizations serving the war affected population of Kachin state.

97. The Republic of the Union of Myanmar, Ministry of Social Welfare, Relief and Resettlement, Department of Disaster Management, "National Strategy on Closure of IDP Camps (Draft)," undated.

98. Ye Mon,"An unhappy return for IDPs in Kachin State," *Frontier Myanmar*, 22 August 2019.

99. See, for example, "Unexploded WWII bombs discovered at central Myanmar sports ground," *Coconuts Yangon*, 30 September 2015; and N. Thwin, "World War II ordnance kills three," *Democratic Voice of Burma*, 20 March 2012

100. See, for example, unexploded aerial bomb allegedly from armed conflict in Kachin state in May 2018. Free Burma Rangers, "Rangers Help Vulnerable Civilians in Kachin State," 8 December 2018.

## ထိခိုက်ဒဏ်ရာရမှုများ

| ထိခိုက်ဒဏ်ရာရမှုများ | | |
|---|---|---|
| ၂၀၁၈ ခုနှစ် အကုန်အထိ ရရှိသော ထိခိုက်ဒဏ်ရာရမှုများ | မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၂၀၁၈ ခုနှစ် နှစ် ကုန် အထိမိုင်း/ERW ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၄၆၂၃ ဦး (၆၁၆ ဦးသေဆုံး၊ ၃၈၈၉ ဦး ဒဏ်ရာ၊ ၁၁၈ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။ | |
| **၂၀၁၈ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရမှု** [100] | | |
| နှစ်ပတ်လည် စုစုပေါင်း | ၄၃၀ | ၂၀၁၇ ခုနှစ်မှ ၂၀၂ ဦးတိုးလာသည်။ |
| ရလဒ် | သေဆုံး ၇၉၊ ထိခိုက် ၃၅၁ | |
| ထိခိုက်ဒဏ်ရာရခဲ့သော မိုင်းအမျိုးအစားများ | ၁၄၁ လူသတ်မိုင်း/လက်လုပ်မိုင်း (လက်လုပ်တိုက်မိုင်းများ၊ IED များ) ကားမိုင်း ၁။ ၇၂ ERW၊ အမျိုးအစားမသိ မိုင်း/ERW၂၁၆ | |
| အသက်အရွယ် နှင့် ကျားမ | အနည်းဆုံး အမျိုးသား ၃၃၁ ဦးနှင့် ၄၇ အမျိုးသား ကလေးငယ်အပါအဝင် | အနည်းဆုံး အမျိုးသမီး ၈၅ ဦး နှင့် မိန်းကလေး ၆ ဦးအပါအဝင် |

နိုင်ငံပိုင်နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့အစည်းများမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၈ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မိုင်း/ စစ်အတွင်း ကျန်ရစ်သော အကြွင်းအကျန်များ (ERW) ကြောင့် ထိခိုက်မှုအသစ် ၄၃၀ ခု အနည်းဆုံး ရှိခဲ့သည်။

များစွာသော မီဒီယာအစီရင်ခံမှုများအရ မကြာသောနှစ်များအတွင်း ထိခိုက်ဒဏ်ရာရမှု အရည်အတွက်သည် ပို၍တိုးလာသည်ကို ညွှန်ပြနေသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းကြောင့်ထိခိုက်ဒဏ်ရာရမှုသည် နှစ်စဉ်တိုးများလာနေသည်ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ ”အာဆီယမ်ဒေသဆိုင်ရာမိုင်းအရေးဌာန သို့မဟုတ် ARMAC ၏ မှတ်တမ်းများအရ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများ၊ လူမှုမီဒီယာနှင့်ကျေးလက်ဒေသနေ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ မှတ်တမ်းများအရ မိုင်းထိခိုက်ဒဏ်ရာရမှုများ နှစ်စဉ်တိုးများလာသည်။ မသန်စွမ်းဖြစ်ပွားမှုနှုန်းလည်း ပို၍တိုးများလာသည်ကို ကျွန်ုပ်တို့မြင်တွေ့ရသည်။”[101] MRGW ၏မှတ်တမ်းတွင် မိုင်း/ERW ထိခိုက်ဒဏ်ရာရမှုအရည်အတွက် ၂၀၁၇ ခုနှစ်တွင် ၁၇၆ ဦးမှ ၂၀၁၈ ခုနှစ်တွင် ၂၀၁၉ ခုနှစ် ဧပြီလ ၄၂၇၆ ဦးအထိ တိုးလာပြီး၊ လူမသိနိုင်သော အဖြစ်အပျက်များစွာလည်းရှိနေနိုင်ကြောင်း ရက်နေ့တွင် မြန်မာနိုင်ငံမီဒီယာတွင် ထုတ်ဖော်တင်ပြခဲ့သည်။[102] နှစ်ပတ်လည်ကိန်းဂဏန်းတွင် စုစုပေါင်းထိခိုက်ဒဏ်ရာရမှုအရေအတွက် ကွာခြားချက်ဖြစ်ရခြင်းအကြောင်းရင်းမှာ MRGW သည် ၎င်းသတ်မှတ်သည့်အချိန်အတွင်း လက်လှမ်းမှီသည့် ကိန်းဂဏန်းအရည်အတွက်အပေါ်တွင် အခြေခံခြင်းဖြစ်သည်။ တချိန်တည်းတွင် Landmine Monitor သည် နှစ်တစ်နှစ်၏ နောက်ဆုံးအချိန်နီးအထိ အချိန်စောင့်၍ အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်သဖြင့် အချိန်ပိုရသည်။ နှစ်ဖွဲ့စလုံး၏ အချက်အလက်များသည် ပြီးပြည့်စုံခြင်းတော့ မဟုတ်ပေ။ သို့သော် တရားဝင် အချက်အလက် မရနိုင်သည့်အခြေအနေအပေါ်တွင် လက်လှမ်းမီသော သတင်းအရင်းအမြစ်များထံမှ သတင်းအချက်များယူ၍ အကောင်းဆုံးအချက်အလက်များ ပေးထားခြင်းဖြစ်သည်။

မိုင်းအရေးဆောင်ရွက်သော အဖွဲ့အစည်းများအရေအတွက် နှင့် မိုင်းဒဏ်သင့်သူများ အကူအညီပေးရေး အစီအစဉ်များ ပိုရှိ၊ ပိုများလာနေသော်လည်း ထိခိုက်ဒဏ်ရာရမှု နှင့် ပတ်သက်သောအချက်အလက်များ စနစ်တကျ စုစည်းထားမှု မရှိခဲ့ပေ။ တရားဝင်အချက်အလက်ကောက်ယူသော လုပ်ငန်းယန္တရားမရှိခြင်း၊ အခြေခံအစီရင်ခံ ရေသားခြင်းပုံစံ သို့မဟုတ် အချက်အလက် ဖလှယ်ခြင်းနည်းလမ်းမရှိခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း အဖွဲ့သို့ မတူညီသော သတင်းအရင်းအမြစ်မှ နှစ်စဉ်အချက်အလက်များ ရရှိသောကြောင့် အစီရင်ခံမှုသည် တတိုင်းပြည်လုံး တွင် ဖြစ်ပေါ်ခဲ့သော မိုင်း နှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရမှု အပြည့်အစုံကို ထင်ဟပ်ခြင်းမရှိဟု ယုံကြည်ရသည်။

---

101.Unless noted otherwise, Monitor casualty data for 2018 is from a combined dataset of published and unpublished sources.

102. Unless noted otherwise, Monitor casualty data for 2018 is from a combined dataset of published and unpublished sources.

103. Myat Thura, “Official warns of rising landmine casualties,” Myanmar Times, 14 August 2019.

၂၀၁၈ ခုနှစ် လေ့လာမှုတစ်ခုတွင် မြေမြှုပ်မိုင်းများနှင့် ပဋိပက္ခဆက်နွယ်သော အကြမ်းဖက်မှုများကြောင့် အစိုးရ မဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်သော ဒေသများတွင် နိုင်ငံတွင်းအိုးအိမ်မဲ့ ရွှေ့ပြောင်းပြည်သူများအကြား မသန်စွမ်းဖြစ်မှု တိုးများလာသည်ဟု တွေ့ရှိခဲ့သည်။သို့သော် အစိုးရထိန်းချုပ်သောဒေသတွင် မသန်းစွမ်းသူများ မသန်စွမ်းဖြစ်ရခြင်း အကြောင်းရင်းအများစုသည် မွေးရာပါ သို့မဟုတ် မတော်တဆ ဖြစ်မှုများကြောင့်ဟု တွေ့ရသည်။ မြေမြှုပ်မိုင်းနင်းမိပါက နိုင်ငံပိုင် ပစ္စည်းဖျက်ဆီးမှုနှင့် တရားစွဲခံရသည်ဟူသော အမြင်အယူအဆကြောင့် နောက်ထပ်ပြဿနာများထပ်ရှိသည်ဟု လေ့လာမှုက တွေ့ရှိခဲ့သည်။ ထို့ကြောင့် မြေမြှုပ်မိုင်းထိသူသည် ၎င်းတို့ မသန်စွမ်းဖြစ်ရမှုကို အမှန်မပြောပဲ မတော်မတဆဖြစ်ခြင်း သို့မဟုတ် ကားတိုက်ခံရခြင်း အစရှိသဖြင့် ပြောဆိုခြင်းကြောင့် ကိန်းဂဏန်းအရည်အတွက်တွင် လွဲမှားသွားခြင်းဖြစ်သည်။[103]

စစ်တပ်နှင့်တခြားလက်နက်ကိုင်များထိခိုက်မှုအရည်အတွက်ကို မသိနိုင်ပေ။ သို့သော် များပြားသည်ဟု ယုံကြည်ရသည်။ တပ်မတော်သားများအတွက် အသက်သေးဆုံးရခြင်း၏ အဓိကအကြောင်းရင်းတွင် မြေမြှုပ်မိုင်း ကြောင့် အသက်သေဆုံး ထိခိုက်ဒဏ်ရာရခြင်းသည် အခြားအကြောင်းရင်းများနှင့်ယှဉ်ပါက အဓိက အကြောင်းရင်း ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက Monitor အဖွဲ့သို့ပြောကြားခဲ့သည်။[104] သို့သော် ထိုအချက်ကို ဖော်ပြပါက "ကျနော်တို့ ရန်သူအတွက် စိတ်ဓါတ်စစ်ဆင်ရေး လက်နက်ပေးသလို ဖြစ်သွားမှာပေ့ါ။" ဟု ထိုအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ စစ်ဖက်ဆိုင်ရာ ထိခိုက်ကျဆုံးမှုများစွာရှိသော်လည်း ထိုကဲ့သို့သော စစ်ရေးမှတ်တမ်းများကို အများပြည်သူက လက်လှမ်းမမီကြောင်း Monitor က ယခင်အစီရင်ခံစာများတွင် ထောက်ပြခဲ့သည်။[105]

မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၂၀၀၀ ခုနှစ်မှစ၍ ၂၀၁၈ ခုနှစ် နှစ် ကုန် အထိ ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၄၆၂၃ ဦး (၆၁၆ ဦးသေဆုံး၊ ၃၈၈၉ ဦး ဒဏ်ရာ၊ ၁၁၈ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။[106]

---

104. International Alert, "Conflict impacts on gender and masculinities expectations on people with disabilities in Kachin state: A rapid assessment," December 2018, pp. 14–15.

105. Landmine Monitor meeting with Col. (rtd) Min Htike Hein, Deputy Permanent Secretary for the Minister of Defense, Ministry of Defense, Naypyitaw, 29 June 2018.

106. See the 2009 edition of the Monitor report for Myanmar available on the Monitor website. Unprecedented levels of information on military casualties were received in 2008 from the State Peace and Development Council; 508 military casualties were identified. Information from this source has not been made available any other year.

## သတ်ရောက်မှုကို ဖြေရှင်းခြင်း

### မိုင်းအရေးဆောင်ရွက်ခြင်း

| မိုင်းအရေးဆောင်ရွက်ခြင်း | |
|---|---|
| မြေမြှုပ်မိုင်းရှင်းလင်းခြင်း | တပ်မတော်သည် မိုင်းရှင်းလင်းမှုတချို့လုပ်ဆောင်နေသော်လည်း လတ်တလောအသုံးပြုနေသော အော်ပရေးရှင်းစံသတ်မှတ်ချက်များကို မသိရပေ။ |
| **တိုးတက်မှု** | |
| မြေမြှုပ်မိုင်းများ | မြန်မာနိုင်ငံသည် ASEAN ဒေသဆိုင်ရာ မိုင်းအရေး ဆောင်ရွက်ခြင်း ဌာနအောက်ရှိ ASEAN ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေး (ADMM) - အပေါင်း လူသားချင်း မိုင်းအရေး ဆောင်ရွက်မှု ပညာရှင်များအလုပ်အဖွဲ့ ၏ တစိတ်တပိုင်းဖြစ်သည်။<br><br>NGO များကို မိုင်းရှင်းလင်းခြင်းအတွက် ခွင့်ပြုခြင်းမရှိပါ။ ၂၀၁၆ ခုနှစ်မှစ၍ နည်းပညာမပါ အလွတ်သဘော စစ်တမ်း ကောက်ယူမှုအတွက် အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့သည်။ |

### အော်ပရေတာ နှင့်ဝန်ဆောင်မှုထောက်ပံ့သူများ/အကောင်အထည်ဖော်သူများ

| အော်ပရေတာ နှင့် ဝန်ဆောင်မှုထောက်ပံ့သော အဖွဲ့အစည်းများ | |
|---|---|
| လက်ရှိ အော်ပရေတာများ | မိုင်းရှင်းလင်းခြင်း<br>• တပ်မတော်အင်ဂျင်နီယာများ<br><br>နည်းပညာမပါသော စစ်တမ်းကောက်ယူမှု။<br>• ဒိန်းမတ် မိုင်းရှင်လင်းခြင်းအဖွဲ့ (DDG)<br>• မိုင်းအကြံပေးအဖွဲ့ (MAG)<br>• The HALO Trust<br><br>*အန္တရာယ်ပညာပေးမှု*[107]<br>ပြည်တွင်း<br>• နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီ နှင့် ကရင်ကျောင်းဆရာ ဆရာမများကွန်ယက်။<br>• ကရင်ဖွံ့ဖြိုးရေးကွန်ယက်<br>• ကရင်နီလူမှုဖူလုံရေးနှင့်ဖွံ့ဖြိုးရေးဌာန<br>• ဒေသန္တရ ဖွံ့ဖြိုးရေးကွန်ယက်<br>• တအန်းကျောင်းသားနှင့် လူငယ်အစည်းအရုံး<br>• ငြိမ်းဖောင်ဒေးရှင်း<br>• ဂမ်ပေါင် နွမ်ထွမ်<br>• မြန်မာနလုံးလှဖွံ့ဖြိုးရေးအဖွဲ့<br><br>• နည်းပညာမပါ အလွတ်သဘော စစ်တမ်း ကောက်ယူမှု<br>• ကရင် ဒီမိုကရေစီအကျိုးပြုတပ်မတော် (DKBA)<br><br>နိုင်ငံတကာ NGOsများ<br>• DanChurchAid (DCA)-Norwegian Church Aid (NCA)<br>• ဒိန်းမတ်ဒုက္ခသည်ကောင်စီ (DRC)- ဒိန်းမတ် မိုင်းရှာဖွေရေးအဖွဲ့ (DDG)<br>• HALO Trust<br>• လူသားချင်းစာနာမှု & ပါဝင်ခွင့် (HI, ယခင်က နိုင်ငံတကာမသန်စွမ်းများအဖွဲ့)<br>• Johanniter International Assistance (JOIN)<br>• မိုင်းအကြံပေးအဖွဲ့ (MAG)<br><br>ကြက်ခြေနီအဖွဲ့<br>• နိုင်ငံတကာကြက်ခြေနီကော်မတီ<br>• မြန်မာနိုင်ငံကြက်ခြေနီအသင်း |

107. MIMU, "Myanmar, Who/What/Where, Mine Action," 23 August 2019.

## မိုင်းအရေးဆောင်ရွက်မှုအစီအစဉ်

### စီမံခန့်ခွဲမှု

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရဟောင်းက မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) ၏ အောက်တွင် မြန်မာနိုင်ငံမိုင်းအရေးဆောင်ရွက်မှုဌာန (MMAC) တခုတည်ထောင်ရန် မူအရ သဘောတူခဲ့သည်။ သို့သော်ဌာနအတွက်မည်သည့်အခါမှဝန်ထမ်းခန့်အပ်ခြင်းမရှိခဲ့ပေ။ မိုင်းစစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်း ခြင်းဆောင်ရွက်ရန်အတွက် တနိုင်ငံလုံးတိုက်ခိုက်မှုရပ်စဲသဘောတူစာချုပ် အရင်ချုပ်ဆိုရန် လိုအပ်သည်ဟု အစိုးရက ပြောခဲ့သည်။[108]

မြန်မာနိုင်ငံဆိုင်ရာ မိုင်းအရေးဆောင်ရွက်မှုစံသတ်ချက်မူကြမ်းရေးဆွဲခဲ့သော်လည်း မည်သည့်အခါမှ လက်တွေ့အကောင်အထည်ဖော်ခြင်းမရှိပေ။ ၂၀၁၆ ခုနှစ်တွင် အစိုးရအပြောင်းအလဲဖြစ်ပြီး မိုင်းအရေးဆောင်ရွက်မှု ဌာန ဖျက်သိမ်းခဲ့သည်။ မြန်မာအစိုးရ ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ခုရရန်အတွက် တွေ့ဆုံဆွေးနွေးမှု များသည် ၎င်း၏ ဦးစားပေးဖြစ်သည်ဟု ပြောဆိုခဲ့သည်။ဆွေးနွေးမှုတွင် ပါဝင်သူအများစုက မိုင်းအန္တရာယ် ခြိမ်းခြောက်မှုနှင့် မိုင်းရှင်းလင်းခြင်းလိုအပ်ချက်ကို အလေးပေး ပြောဆိုကြသည်။[109]၂၀၁၆ ခုနှစ်မေလ၊ နေပြည်တော်တွင် ပြုလုပ်သော အမျိုးသားလူငယ်ကွန်ဖရင့်က တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို မိုင်းရှင်းလင်းရန် တောင်းဆိုခဲ့သည်။[110] ထိုနှစ် အတွင်း မိုင်းရှင်းလင်းရေးအတွက် လူထုအခြေပြု အဖွဲ့အစည်းအများအပြားက တောင်းဆိုခဲ့သည်။ (မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းမူဝါဒကိုရှု။)

လူမှုရေးလုပ်ငန်းဌာန (DSW) သည် MRWG ကိုဦးဆောင်ပြီး UNICEF က ပူးတွဲ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည်။ MRWG တွင် ဝန်ကြီးဌာန ၁၀ခု၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်း ၄၁ ဖွဲ့ နှင့် ပြည်နယ်အဆင့် တာဝန်ခံ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ၄ ခု (ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်) တို့ပါဝင်သည်။[111] ၎င်းအလုပ်အဖွဲ့သည် နေပြည်တော်တွင် လေးလ တခါတွေ့ဆုံသည်။ မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း အလုပ်အဖွဲ့ ခွဲတစ်ခုနှင့်အတူ မိုင်းအန္တရာယ်ပညာပေးခြင်းလုပ်ငန်းကို အဓိကထား လုပ်ဆောင်နေသည်။

### မဟာဗျူဟာ စီမံကိန်းရေးဆွဲခြင်း

၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ အစိုးရသည် မိုင်းအရေးဆောင်ရွက်ခြင်းအတွက် ရှင်းလင်းသော မဟာဗျူဟာ တစ်ခု ကြေငြာထားခြင်းမရှိသလို ၎င်းမဟာဗျူဟာကို တာဝန်ခံဆောင်ရွက်မည့် စနစ်တစ်ခုလည်း မရှိပေ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုပစ်ခတိတိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်မှု ကော်မတီ (ပြည်ထောင်စုအဆင့်) အတွင်းရေးမှူး ဗိုလ်မှူးကြီးဂလ္လာအောင်က မိုင်းရှင်းလင်းခြင်းသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားအပြန်အလှန်ယုံကြည့်မှု မတည်ဆောက်နိုင်ခြင်း စတင်၍ မရနိုင်ကြောင်း ပြောဆိုခဲ့သည်။[112] ၂၀၁၇ ခုနှစ်မေလတွင် ပြည်ထောင်စု ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်မှု ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဂလ္လာအောင်က တပ်မတော်သည် မိုင်းရှင်းလင်းရေး အတွက် ဦးဆောင်မည်ဖြစ်ပြီး နိုင်ငံတကာနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကိုလည်း လက်ခံနိုင်ဖွယ် ရှိသည်ဟု ပြောဆိုခဲ့သည်။ မိုင်းရှင်းလင်းခြင်းကို ကရင်ပြည်နယ်တွင် ကရင့်အမျိုးသားအစည်းအရုံးနှင့် ပူးတွဲ၍ ကနဦး စတင်နိုင်ဖွယ်ရှိသည်ဟု သူက ပြောဆိုခဲ့သည်။[113] ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယူးဇီလန်သံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ စစ်တပ်အကြား အကူအညီပေးခြင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ပြောဆိုဆွေးနွေးခဲ့သည်။[114]

---

108. Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှုဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။
109. See, for example: At the Union Peace Conference 21st Century Panglong, Daw Wint Wah Tun of the National League for Democracy said of her Shardaw township, Kayah state, "local people do not feel secure as landmine fields pose a threat to their way of life." "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016.
110. "Youth Empowerment: Myanmar's young people want an active role in the running of their country," Mizzima Weekly, 9 June 2016, p. 22.
111. UNICEF, "Landmines and explosive remnants of war threaten children and communities across Myanmar," 4 April 2018.
112. "Standard operating procedures for commanders drafted at JMC-U," Global New Light of Myanmar, 20 January 2018. "Both sides are still discussing conducting workshops on mines. The NCA includes mine clearance work. But mutual trust needs to be created first so it is still under discussion and mine clearance cannot be implemented yet," said Col. Aung.
113. Ye Khaung Nyunt, "Second day of 10th Union Joint Monitoring Committee meeting in Yangon," Global New Light of Myanmar, 5 May 2017.
114. MNA, "Senior General meets New Zealand Ambassador," Global New Light of Myanmar, 27 August 2017.

*ဥပဒေပြုခြင်းနှင့် စံသတ်မှတ်ချက်များ*

၂၀၁၉ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက ၎င်းသည် စနစ်တကျမိုင်းရှင်းလင်းခြင်းဆောင်ရွက်ရန်အတွက် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှုစံသတ်မှတ်ချက်တစ်ခုကို အပြီးသတ်ဆောင်ရွက်နေကြောင်း ပြောဆိုခဲ့ သည်။ မြန်မာနိုင်ငံသည် ASEAN ဒေသဆိုင်ရာ မိုင်းအရေး ဆောင်ရွက်ခြင်း ဌာနအောက်ရှိ ASEAN ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေး (ADMM) - အပေါင်း လူသားချင်း မိုင်းအရေး ဆောင်ရွက်မှု ပညာရှင်များ အလုပ်အဖွဲ့ နှင့် ပူးတွဲဆောင်ရွက်သည်။[115]

*မိုင်းအရေးဆောင်ရွက်သူများ*

၂၀၁၂ ခုနှစ်မစ၍ နိုင်ငံတကာမိုင်းရှင်းလင်းခြင်း အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာခဲ့သည်။ သို့သော် မိုင်းအော်ပရေးရှင်းတခုမှ စတင်နိုင်ခြင်းမရှိသေးပေ။ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အစောပိုင်းအတွင်း နိုင်ငံတကာမိုင်းဖေါ်ခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်း ၆ ဖွဲ့သည် ရန်ကုန်နှင့်တခြား ခရိုင်မြို့များတွင် ၎င်းတို့ရုံးခန်း များ ဖွင့်လှစ်ခဲ့သည်။ APOPO၊ DanChurch အကူအညီပေးရေးအဖွဲ့(DCA)၊ ဒိန်းမတ် မိုင်းရှင်းလင်းရေးအဖွဲ့ (DDG)၊ မိုင်းအရေး ဆောင်ရွက် မှု ဆွစ်ဇာလန်ဖောင်ဒေးရှင်း (FSD)၊ HALO Trust အဖွဲ့၊ မိုင်းအရေး အကြံပေးအဖွဲ့ (MAG)နှင့် Norwegian People's Aid (NPA) တို့ဖြစ်သည်။ ၎င်းနိုင်ငံတကာ NGO များသည် မိုင်းအန္တရာယ် ပညာပေးလုပ်ငန်းများ၊ လူမှုအသိုင်းအဝန်းကြားခံဆက်သွယ်ခြင်းလုပ်ရှားမှုများနှင့် တချို့ဒေသများတွင် လူမှု အသိုင်းအဝန်း အန္တရာယ်ဖုံသတ်မှတ်ခြင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှုဥပဒေ သို့မဟုတ် စံသတ်မှတ်ချက်များ မရှိသောကြောင့် မိုင်းရှင်းလင်းခြင်း အဖွဲ့အစည်းများသည် IMAS နှင့် ၎င်းတို့ကိုယ်ပိုင် လုပ်ထုံးလုပ်ငန်း စံသတ်မှတ် ချက်များကို ကိုယ်ဆွဲဆောင်ရွက်နေကြ သည်။ မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ရှိဒေသများ ဒေတာကို လက်ခံ သိမ်းဆည်းပေးမည့် ဘက်မလိုက်သော အမျိုးသားအဆင့် အဖွဲ့အစည်းများ မရှိသေးသောကြောင့် လက်တလောတွင် မိုင်းအရေးဆောင်ရွက်သူများသည် ၎င်းတို့ကိုယ်ပိုင်စစ်တမ်းများကို ထိန်းသိမ်းထားသည်။ ပဋိပက္ခဆက်လက်ဖြစ်နေခြင်းကြောင့် ၎င်းအချက်သည် အကဲဆတ်သော အခြေအနေတွင် ရှိနေခြင်းကြောင့်ဖြစ် သည်။

*စစ်တမ်း*

တပ်မတော်သည် မိုင်းထောင်ထားသော နေရာများတွင် ၎င်းကိုယ်ပိုင်အမှတ်အသားများ၊ ခြံစည်းရိုးများ ပြုလုပ်လေ့ ရှိသည်။ သို့သော် မည်မျှစနစ်တကျရှိသည်ကိုတော့ မသိနိုင်ပေ။[116]

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် Monitor အဖွဲ့နှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) သည် မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်အဖြစ်သံသယရှိဒေသများ(SHA)မြို့နယ်များပြမြေပုံနှင့် မြေမြုပ်မိုင်း အသုံးပြုမှု သတ်ရောက်မှုများပြ မြေပုံကားချပ်များကို ထုတ်လုပ်သည်။[117]

၂၀၁၆ ခုနှစ်တွင် ဒေသတချို့တွင် တချို့ နိုင်ငံတကာမိုင်းအရေးဆောင်ရွက်သူများကို နည်းပညာမပါသော စစ်တမ်းကောက်ယူမှုကို ခွင့်ပြုခဲ့သည်။ ၂၀၁၈ ခုနှစ် နှင့် ၂၀၁ ၉ ခုနှစ်တွင် MAG, DDG, DCA နှင့်ိ Halo Trust များကို နည်းပညာမပါသော စစ်တမ်းကောက်ယူမှု

---

115. Statement by Myanmar, UNGA First Committee, Thematic Discussion on Conventional Weapons, New York, 25 October 2019.

116. Landmine Monitor interview with photojournalist accompanying Tatmadaw clearance engineers in Kayin state in August 2015. Signs were placed near a site of armed conflict between a DKBA splinter group and the Tatmadaw in Hlaing-Bwe township during reported clearance. Photographer provided a photograph of the signs to the Monitor, Yangon, 3 August 2018. He said the truck in which he traveled with the Tatmadaw had many of the mine warning signs. Also, in November 2018, in Eastern Bago region, after a mine incident near a school in Tha Pyay Nyunt village, some Tatmadaw soldiers from Light Infantry Battalion 8/53 fenced the area where the explosion took place to make it inaccessible for the students. "KHRG Submission to Landmine Monitor," September 2019, unpublished.

117. "Townships with Suspected Landmine Contamination (1999–2017) and Casualties in Myanmar (Jan–Dec2017)" UN MIMU, 26 November 2018. Infographic provides an 11-year overview of data from the Landmine Monitor (2007–2017). The infographic was also available in Burmese language. MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

ဆက်လက်လုပ်ကိုင်ခွင့်ရခဲ့သည်။ ၎င်းအဖွဲ့များသည် မိုင်းပြန့်နှံမှု၏ အခြေခံအဆင့်ကို ဆုံးဖြတ်ချက်ချနိုင်မည့် ပြည်နယ် (ခရိုင်) တစ်ခုလုံးတွင် စစ်တမ်း ကောက်ယူနိုင်ခြင်း မရှိသေးပါ။ နည်းပညာမပါသော စစ်တမ်းကောက်ယူမှု ဆောင်ရွက်စဉ်အတွင်း မိုင်းသင့်သံသယရှိဒေသများအဖြစ် အမှတ်အသားပြုခြင်း သို့မဟုတ် ခြံစည်းရိုးခတ်ခြင်းသည် ဒေသခံအာဏာပိုင်များအတွက် အကဲဆတ်သော အကြောင်းအရာတစ်ခုဖြစ်နေသေးသည်။

## *မိုင်းရှင်းလင်းခြင်း*

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးကိုယ်စားလှယ်တစ်ဦးက Landmine Monitor သို့ တပ်မတော်သည် ၎င်း၏ တာဝန်ဖြစ်သောကြောင့် မိုင်းများရှင်းလင်းသည်ဟု ပြောဆိုခဲ့သည်။ "ကျနော်တို့က ဘယ်သူ့အတွက်မှ လုပ်တာမဟုတ်ဘူး။ နိုင်ငံတကာအဖွဲ့အစည်းအတွက်ရော၊ အုပ်စုတစ်စုအတွက်ရော လုပ်တာ မဟုတ်ဘူး။ အဲဒါကြောင့် ကျနော်တို့မိုင်းရှင်းလင်းရေးလုပ်တာကို ဘယ်သူ့ကိုမှ အစီရင်ခံစရာမလိုပါဘူး။" စစ်သား များသည် ရှေ့တန်းသို့ ငါးလမှ ခြောက်လအထိ တာဝန်သွားရောက်ယူရကြောင်း၊ ထို့နောက် စစ်သင်တန်းကျောင်းသို့ သင်တန်းတက်ရကြောင်း၊ ၎င်းကျောင်းများတွင် တခြားအရာများပါသလို မိုင်းရှင်းလင်းခြင်း အကြောင်းအရာကိုပါ သင်ကြားရကြောင်း ဝန်ကြီးက ပြောဆိုခဲ့သည်။ စစ်သားများအားလုံးတွင် မြေမြှုပ်မိုင်း ရှင်းလင်းခြင်း အတက်ပညာတတ်ကျွမ်းကြကြောင်း သူက အလေးထားပြောဆိုခဲ့သည်။"ရွာအနားက မိုင်းတွေကို ကျနော်တို့ရှင်း ပေးရင် ရွာသားတွေက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ထောင်ထားတဲ့မိုင်းတွေကိုရှင်းပေးတဲ့ အတွက် ကျနော်တို့ကို ကျေးဇူးတင်ကြတယ်။" ၂၀၁၈ ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခ အနည်းအကျဉ်းသာ ဖြစ်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးလုပ်ထားသောကြောင့် တပ်မတော်သည် လွတ်လွတ်လပ်လပ် သွားလာနိုင်သည့် အပြင် မိုင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။[118]

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် NCA သဘောတူစာချုပ်တွင်ပါဝင်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တပ်မတော်သည် ကရင်ပြည်နယ်တွင် လူသားချင်းစာနာသော မိုင်းရှင်းလင်းခြင်းလုပ်ငန်းကို အတူတကွဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ERW ပေါင်း ၃၆၀၀၀ ကျော် ရှင်းလင်းခဲ့သည်။[119] အခါအားလျော်စွာပင် နိုင်ငံပိုင်မီဒီယာသည် တပ်မတော် မိုင်းရှင်းလင်းခြင်းလုပ်ငန်းကို ဖော်ပြသည်။[120]

၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ လူသားချင်းစာနာသောမိုင်းအရေးဆောင်ရွက်သည့်အဖွဲ့အစည်းများသည် အစိုးရထံမှသော်လည်း တိုင်းရင်းသား အဖွဲ့အစည်းများထံမှသော်လည်းကောင်း မိုင်းရှင်းလင်းခြင်းဆောင်ရွက်ရန် အတွက် ခွင့်ပြုချက်မရရှိပေ။

## *မိုင်းရှင်းလင်းသူများ၏ လုံခြုံမှု*

၂၀၁၉ ခုနှစ်မေလတွင် မြေမြှုပ်မိုင်းလုံခြုံမှု စစ်သင်တန်း၌ ၁၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မန္တလေးရဲသင်တန်း ကျောင်းတွင် မြေမြှုပ်မိုင်းလုံခြုံမှု၊ မိုင်းရှာဖွေခြင်းနှင့် တခြားမိုင်းအမျိုးအစားများအကြောင်း ရဲအရာရှိများကို သင်ကြားနေစဉ် မိုင်းပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည်။ သင်တန်း၏ တစိတ်တပိုင်းအစဖြစ် ရဲတပ်ကြပ်တစ်ဦးသည် M14 ပလတစတစ်မိုင်း ပုံစံတူပေါ်တွင် နင်းမိ၍ တခြားသင်တန်းသားများက မိုင်းဖြုတ် ကယ်ဆယ်ရမည့် သင်ခန်းစာ ဖြစ်ကြောင်း မီဒီယာက ဖေါ်ပြခဲ့သည်။ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ၎င်းသင်တန်းကို တပ်မတော်မှ ပညာရှင်က သင်ကြားပေးခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ သည်။ "သင်တန်းဆရာသည် မိုင်းပုံစံတူအစား မိုင်းအစစ်ကို မှားယူလာခဲ့ကြောင်းနှင့် ၎င်းမိုင်းအစစ်ပေါ် သင်တန်းသားကနင်းမိပြီး ပေါက်ကွဲခဲ့တာလို့ကျနော်တို့ကြားသိရပါတယ်။ ပုံမှန်ဆိုရင်တော့ မိုင်းအစစ်နဲ့ပုံစံတူ တွေကို အရောင်နှင့် ခွဲထားပါတယ်။ သို့သော်လည်း မှားတက်ပါတယ်။အခု လိုမတော်တစဖြစ်တဲ့အပေါ် မှာ ကျနော် တို့ နောက်ထပ် စုံစမ်းမှုတွေပြုလုပ်နေပါတယ်။" ဟု ၎င်းက ပြောဆိုခဲ့သည်။[121]

118. Landmine Monitor meeting with U Min Htike Hein, Assistant Secretary, Union Minister Office for Defense, Ministry of Defence, Naypyitaw, 5 July 2019.
119. Statement by Myanmar, UNGA First Committee, Thematic Discussion on Conventional Weapons, New York, 25 October 2019.
120. See, for example, "Tatmadaw column captures AA member dead after landmine attack," Global New Light of Myanmar, 11 May 2019, p. 11.
121. "Mandalay Police Officer Seriously Injured in Landmine Training," the Irrawaddy, 21 May 2019.

**မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ (ERW) ပညာပေးလုပ်ငန်းများ**

၂၀၁၉ ခုနှစ် ဩဂုတ်လအထိ အနည်းဆုံး အဖွဲ့အစည်း ၉ ခုသည် အန္တရာယ်လျော့ပါးရေးပညာပေး ပရောဂျက် ၁၃ ခု ကိုချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဖက်ခြမ်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်ထည်ဖေါ်ခဲ့သည်။

**မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သူများ**[122]

| တည်နေရာ | ပြည်တွင်းဆောင်ရွက်သူ | နိုင်ငံတကာဆောင်ရွက်သူ |
|---|---|---|
| ချင်းပြည်နယ် | ကရုဏာမြန်မာလူမှုရေးအဖွဲ့ | DCA |
| ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီနှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့, မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ အစည်းအရုံး | Dan Church Aid (DCA) |
| ကချင်ပြည်နယ် | ဂမ်ပေါင်နိုင်ထွမ် | ဒိန်းမတ်ဒုက္ခသည်ကော်မတီ (DRC), MAG, HALO |
| ကယားပြည်နယ် | ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန နှင့် ဒေသခံဖွံ့ဖြိုးရေးကွန်ယက်၊<br>ပညာရေး၊ စီမံကိန်းနှင့် သင်တန်းဌာန, MPHA | DCA-CM, DCA-NCA, DRC-DDG, MAG |
| ကရင်ပြည်နယ် | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီနှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့, MPHA | DCA-CM, DCA-NCA, HI, MAG, HALO |
| မွန်ပြည်နယ် | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီနှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့ | DCA |
| မြောက်ပိုင်း ရှမ်းပြည်နယ် | တအောင်းကျောင်းသားလူငယ်များအစည်းအရုံး၊ ကချင်နှစ်ခြင်းအသင်းတော်၊ ဂမ်ပေါင်နိုင်ထွမ်၊ မြန်မာနလုံးလှဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးလက်ပညာရေးဖွံ့ဖြိုးရေးဌာန။ | HALO, DRC-DDG, DCA-CM, DCA-NCA, MAG |
| တောင်ပိုင်း ရှမ်းပြည်နယ် | | MAG, DCA-CM |
| တနင်္သာရီ တိုင်းဒေသကြီး | ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့ | MAG |

122. MIMU, "Myanmar, Who/What/Where, Mine Action, All Agencies," 27 September 2017.

ထို့အပြင် UNICEF သည် ရှမ်း၊ မွန်၊ ကရင်၊ ကချင် နှင့် ပဲခူးအရှေ့ခြမ်းများအတွင်း မိုင်းအန္တရာယ်လျော့ချရေးလုပ်ငန်းများကို ထောက်ပံ့ခဲ့သည်။ UNHCR သည် တနင်္သာရီတိုင်းဒေသကြီး နှင့် ကရင်ပြည်နယ်တို့တွင်လည်း မိုင်းအန္တရာယ်လျော့ချရေးလုပ်ငန်းများကို အထောက်အကူပြုခဲ့သည်။ ပညာရေးဌာနကို ကရင်ပြည်နယ်တွင် မိုင်းအန္တရာယ်လျော့ချရေးလုပ်ငန်းလုပ်ဆောင်သောဌာနတစ်ခုအဖြစ် ထည့်သွင်းထားသည်။[123] မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ICRC နှင့်ပူးပေါင်း၍ မိုင်းပညာလျော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။[124]

## မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း

| မိုင်းသင့်ပြည်သူ အကူအညီပေးသူများနှင့် လုပ်ငန်းများ | |
|---|---|
| အဖွဲ့အစည်းအမည် | လုပ်ငန်းအမျိုးအစား |
| **အစိုးရ** | |
| လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင် ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြား ပေါက်ကွဲ စေသော ပစ္စည်းများ ကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင်ကျောင်းများ |
| ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ |
| ကာကွယ်ရေးဝန်ကြီးဌာန | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် |
| **ပြည်တွင်း** | |
| ငြိမ်းချမ်းသောမြန်မာ နိုင်ငံအကူအညီ ပေးရေး ဖောင်ဒေးရှင်း | ရွေ့ပြောင်းခြေတုတပ်ဆင်ပေးခြင်း |
| နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင်လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ | ကရင်ပြည်နယ် မူသရောမြို့ နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု လက်တု ထုတ်လုပ်သည်။ |
| ကရင်ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ဌာန | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း |
| ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့ | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ |
| ကရုဏာလူမှုရေးဆောင်ရွက်မှု အသင်းတော် (KMSS ကွန်ယက်) | ရှေးဦးသူနာပြုစုခြင်းနှင့် လက်ငင်းအကူအညီထောက်ပံ့ခြင်း |
| မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအသင်း (MPHA) | မသန်စွမ်းအခွင့်အရေးစည်းရုံးတိုက်တွန်းခြင်း။ အထောက်အကူပြု ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အလုပ်အကိုင်မှတဆင့် ဝင်ငွေရလုပ်ငန်းများ ထည့်သွင်းရန် အားပေးခြင်း |
| **နိုင်ငံတကာ** | |
| အကူအညီ နှင့် ကယ်ဆယ်ရေးအသင်း - ဂျပန် (AAR Japan) | အသက်မွေးကြောင်းသင်တန်း၊ လူထုအခြေပြု ပြန်လည် နေရာချထားရေး၊ လွှဲပြောင်းရေးစနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့် အရေး/ စည်းရုံးတိုက်တွန်းခြင်း |
| Exceed Worldwide | ရန်ကုန် အမျိုးသားပြန်လည်ထူထောင်ရေးဆေးရုံ (NRH) တွင် ခြေတုအလုပ်ရုံ လည်ပတ် လုပ်ဆောင်နေခြင်း၊ မန္တလေး မြန်မာနိုင်ငံ ခြေတုလက်တု စာသင်ကျောင်းတွင် ခြေတု အလုပ်ရုံအသစ်အတွက် ငွေကြေးထောက်ပံ့ခြင်း။ |
| အနာကြီးရောဂါတိုက်ဖျက်ရေးအသင်း (မြန်မာနိုင်ငံ) | ပြန်လည်ပြုစုပျိုးထောင်ခြင်း နှင့်ခြေတု တပ်ဆင်ခြင်း |
| ဒိန်းမတ်မိုင်းတူးဖော်ရေးအဖွဲ့ /ဒိန်းမတ် ဒုက္ခသည် ကောင်စီ | ကချင်ပြည်နယ်အတွင်း မိုင်းနှင့် ERW အသက်ရှင် ကျန်ရစ်သူ များအတွက် ဆေးဝါး၊ ပြန်လည်ပြုစု ပျိုးထောင်ရေး စောင့်ရှောက်မှု နှင့် လွှဲပြောင်းရေး အကူအညီများ တိုက်ရိုက်ပေးသည်။ |

123. Ibid.
124. ICRC, "Annual Report 2018," p. 368.

| | |
|---|---|
| Handicap International | လူမှုအသိုင်းအဝန်းအဆင့် အချက်အလက် ကောက်ယူခြင်း၊ ဝန်ဆောင်မှုနှင့် အခက်အခဲ လေ့လာသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ ရွှေ့လျားနိုင်သော အထောက်ကအကူပြုပစ္စည်းများ ပြင်ပေးခြင်း၊ အကူအညီများ တာဝန်ခံ ဆောင်ရွက်ခြင်းနှင့် အသက်ရှင် ကျန်ရစ်သူ/မိုင်းဒဏ်သင့်သူများ၏ လိုအပ်ချက်ကို စည်းရုံးတိုက်တွန်းခြင်း၊ MPHA စွမ်းရည်မြှင့် တင်ခြင်း။ |
| World Education | ရပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ခြင်း၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရခြင်း၊ ဆေးဝါးနှင့် အသက်မွေး ဝမ်းကြောင်း ရံပုံငွေများ အသုံးပြု ခွင့်ရှိခြင်း၊ အသက်ရှင် ကျန်ရစ်သူ/ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ ဆိုင်ရာ အကူအညီပေးခြင်း နှင့် စည်းရုံးတိုက်တွန်းခြင်းများဆိုင်ရာ တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ခြင်း။ |
| ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း | ဘားအံခြေတုလက်တု တပ်ဆင် လေ့ကျင့်ရေးဌာနနှင့် ရပ်ဝေး ဒေသများတွင် ခြေတုလက်တု တပ်ဆင်ရေး အတွက် ထောက်ပံ့ ပေးသည်။ |
| ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR) | သယ်ယူပို့ဆောင်ခြင်း၊ အသက် မွေးဝမ်းကြောင်းလုပ်ငန်း အစီအစဉ်မှဆင့် စီးပွားရေး လုပ်ငန်းများထည့် သွင်းခြင်း အပါအဝင် စစ်ကြောင့် ထိခိုက် အနာတရ ဖြစ်ရသူများ၊ မြေမြှုပ် မိုင်းဒဏ်ခံ အသက်ရှင် ကျန်ရစ်သူများအတွက် ဆေးဝါးကုန် ကျစရိတ်နှင့် ပြန်လည်ပြုစု ပျိုးထောင်ရေးအတွက် လွတ်လပ်စွာ အသုံးပြုခွင့် ရှိသော ဘဏ္ဍာငွေ။ |

### *ဥပဒေနှင့် မူဝါဒများ*

၂၀၁၈ခုနှစ် ဇူလိုင်လတွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူအများက အချိန် ကြာမြင့်စွာစောင့်ဆိုင်းနေခဲ့သော ၂၀၁၅ ခုကတည်းက ပြဌာန်းထားခဲ့သည့် မသန်စွမ်းသူများ အခွင့်အရေးဥပဒေအတွက် နည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။[125] ၂၀၁၇ ခုနှစ်နှင့်၂၀၁၉ ခုနှစ်များတွင် မြန်မာအစိုးရသည် ပြည်နယ်လေးခုရှိ မြို့နယ် ၉ မြို့နယ်အတွင်းရှိ မသန်းစွမ်းသူများအတွက် လစဉ်ထောက်ပံ့ငွေကို စမ်းသပ်အစီအစဉ်အဖြစ် စတင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာအထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း မီဒီယာသို့ပြောကြားခဲ့သည်။[126] ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အမျိုးသား လူမှုရေးဆိုင်ရာအကာအကွယ်ပေးရေးမဟာဗျူဟာစီမံကိန်းကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှတဆင့်ပြဌာန်းကာ စတင်ခဲ့သည်။ မသန်စွမ်း သူများ သတ်မှတ်ထားခြင်း ခံရသူအားလုံးကို ယင်းအစီအစဉ်မှ ထောက်ပံ့ငွေပေးမည် ဖြစ်သည်။[127]

မသန်စွမ်းစစ်မှုထမ်းဟောင်းများသည် ဦးစားပေးအဆင့်နှင့် အကျိုးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် တူညီသော လစာနှုန်းထားနှင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများတွင် ဖြစ်သည်။ စစ်မှုထမ်းဟောင်း မဟုတ်သော မသန်စွမ်းသူများအတွက် တရားဝင်အကူအညီသည် ယာယီမသန်စွမ်းဖြစ်သူအတွက် လစာ၏ သုံးပုံနှစ်ပုံကို တနှစ်စာပေးပြီး၊ ထာဝရ မသန်စွမ်းသူများအတွက် အခွန်လွတ် ထောက်ပံ့ငွေ ပေးသည်ဟု မူအားဖြင့် ရှိသည်။ ထာဝရမသန်စွမ်းဖြစ်သူ စစ်မှုထမ်းဟောင်း အပိုဆောင်းဆေးပင်စင်ကို ကာကွယ်ရေးဝန်ကြီးဌာနက ဒဏ်ရာပမာဏ အကြီးအသေးအပေါ် မူတည်၍ ဆုံးဖြတ်သည်။ မသန်စွမ်းစစ်ပြန်များနှင့် ၎င်းတို့မိသားစုများအတွက် စစ်တပ်က ဆောက်ပေးသော အလကား အိမ်ယာများ ဒါဇင်ပေါင်းများစွာရှိသည်ဟု ယုံကြည်ရသည်။ သို့သော် သာမန်စစ်သားများအဖို့ လုပ်ငန်းအခွင့်အလန်း နှင့် ဝင်ငွေရပေါက်လမ်းများ နည်းပါးသည်။ အခမဲ့အိုးအိမ်များသည် ပုံမှန်အားဖြင့် အလုပ်အကိုင်မရနိုင်သော၊အခြေခံ ဝန်ဆောင်မှုများဖြစ်သော ရေ နှင့် လျှပ်စစ် များမရှိသော နေရာများတွင် တည်ရှိလေ့ရှိသည်။[128]

---

125. "After delay, Disability Rights rules and regulations published," The Myanmar Times, 13 July 2018.
126. Monthly assistance payments of K16,000 to K30,000 depending on circumstances. A disabled child will get K16,000 per month and a disabled adult up to 64 years old will get K30,000. The project pilot areas are the East Dagon township of Yangon region, Pathein and Kangyi Taung townships of Ayeyarwaddy region, Monywa, Ayardaw and Chaung Oo townships of Sagaing region and Thaton and Paung townships of Mon state. See, "Pilot project to register disabled people for welfare," The Myanmar Times, 1 February 2019; and Htoo Thant, "Government to start disability payments," Myanmar Times, 16 November 2017.
127. ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ "မြန်မာနိုင်ငံအမျိုးသားလူမှုရေးကာကွယ်ပေးမဟာဗျူဟာ အစီအစဉ်။" ဒီဇင်ဘာ ၂၀၁၄။ စာ ၅၃။ မသွန်စွမ်းသူများဥပဒေ မပြဌာန်းမပြီးသရွေ့ ထောက်ပံ့ကြေးငွေ မရနိုင်သေး နှင့် အစိုးရသည် တရားဝင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖေါ်မည်။
128. Gerard McCarthy, "Veterans' Affairs in Myanmar's Reform Process," Institute of Southeast Asian Studies (ISEAS) Perspective Series, No. 78, 5 December 2018; and Htet Khaung Linn, "On society's fringes, disabled Tatmadaw veterans languish in poverty," Myanmar Now, 11 October 2016.

### *ဆေးဝါးကုသစောင့်ရှောက်မှုနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း*

မြန်မာနိုင်ငံတွင်ထိခိုက်ဒဏ်ရာရမှုသည် နာမကျန်းဖြစ်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပြီး သေဆုံးခြင်းရခြင်း တတိယအမြင့်များဆုံးအချက်ဖြစ်သည်။အရေးပေါ် ဆေးဝါးဌာနတွင် လေ့ကျင့်ပေးထားသော သမားတော် အနည်းအကျဉ်းသာရှိသည်။၎င်းတို့သည် ပုံမှန်အားဖြင့် ကျေးလက်ဒေသများတွင် မရှိကြပါ။ လူနာကို ဆေးရုံသို့ ပို့ဆောင်ပေးမည့် တစ်နိုင်ငံလုံး ချိတ်ဆက်ထားသော လူနာတင်ယဉ်ဝန်ဆောင်မှုမရှိပါ။ ရန်ကုန်၊ မန္တလေး နှင့် နေပြည်တော်ကဲ့သို့သော အဓိက မြို့ကြီးသုံးမြို့တွင် အရေးပေါ် အခြေအနေကို တုန့်ပြန်ဆောင်ရွက်နိုင်သည့် စွမ်းရည် မရှိပါ။ ၎င်းမြို့တစ်မြို့စီတွင် အရေးပေါ် အခန်း တစ်ခန်းသာ ရှိသည်။[129]

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှု ရရန်မလွယ်ကူပေ။ အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်သူများအတွက်ဖြစ်သည်။ လက်ရှိရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစု ပျိုးထောင်ရေးဌာနများသည် တိုင်းပြည်လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းသာ ရှိသည်။ ဌာနအများစုသည် မြို့ကြီးများ တွင်သာရှိ၍ လမ်းစခရီးစရိတ်ကြီးမြင့်မှုက အဟန့်အတား ဖြစ်စေသည်။[130] ၂၀၁၇ ခုနှစ်မှစ၍ HI သည် ကရင် ကျန်းမာရေးနှင့်ဖူလုံရေးဌာန (KDHW)နှင့် ပူးတွဲ၍ နိုင်ငံ၏ အရှေ့တောင် ဖက်ခြမ်းဒေသအတွင်းရှိ ပဋိပက္ခအကဲဆတ်မှုအခြေအနေကို တုန့်ပြန်ဆောင်ရွက်ခြင်းအားဖြင့် ကရင်ပြည်နယ် အတွင်း အစိုးရ နှင့် အစိုးရထိန်းချုပ်ခြင်းမရှိသော ဒေသနှစ်ခုစလုံးတွင် ဝန်ဆောင်မှုများ ပေးနေသည်။[131] KDHW သည် ကရင် အမျိုးသားအစည်းအရုံး (KNU) ၏ ကျန်းမာရေးဌာန တစ်ခုဖြစ်ပြီး ကျန်းမာရေးလုပ်သားများအတွက် ဆေးသင်တန်းများပေးသည်။ သို့သော်လည်း KNU ထိန်းချုပ်ဒေသတွင် ကျန်းမာရေးဝန်ဆောင်မှုများအတွက် လေ့ကျင့်ပေးသော ဆေးမှူးများပို၍လိုအပ်နေသေးသည်။[132]

ကချင်၊ ရခိုင် နှင့် ရှမ်းပြည်နယ်များတွင် ICRC သည် လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်သော ဒေသအတွင်းရှိဌာနများအပါအဝင် ကျန်းမာရေးဌာနများနှင့် လူမှုအသိုင်းအဝန်းအခြေပြုဌာနများကို ထောက်ပံ့ပေးခဲ့သည်။[133] ရွှေ့ပြောင်းကျန်းမာရေးယူနစ်များအပါ အဝင် ရခိုင်ပြည်နယ်အတွင်းရှိ ဆေးရုံများ တခြားသော ကျန်းမာရေးဌာန များသည် ICRC ၏ အကူအညီဖြင့် စစ်ဘေးရှောင်ပြည်သူများနှင့် တခြား အကြမ်းဖက်ခံရ သူများပြည်သူများ အတွက် ကျန်းမားရေးစောင့်ရှောက်မှု ပေးသည်။[134] ICRC သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာသော လုပ်ငန်းများ တုန့်ပြန်ဆောင်ရွက်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာန ၅ ခုကို ဆက်လက်ထောက်ပံ့ပေးနေသည်။[135]

### *လူမှုစီးပွားနှင့် စိတ်ပိုင်းဆိုင်ရာ ပေါင်းစပ်မှု*

မိုင်း/ERW အသက်ရှင်ကျန်ရစ်သူများသည် ၎င်းတို့မိရိုးဖလာ အသက်မွေးဝမ်းကြောင်းမှုကို စွန့်လွှတ်ခဲ့သောကြောင့် ၎င်းတို့အတွက် အစားထိုးအသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများ နှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများ လိုအပ်သည်။[136] DRC-DDG သည် ပဋိပက္ခသတ်ရောက်မှုရှိသော လူမှုအသိုင်းအဝန်းများနှင့် မိုင်း/ERW သတ်ရောက်မှုရှိသော လူမှုအသိုင်းအဝန်းများကို ကူညီရန်အတွက် အသက်မွေးဝမ်းကြောင်းအကူအညီများ ထောက်ပံ့ပေးသည်။ ထို့အပြင် မိုင်း/ERW ထိခိုက်နစ်နာသူများအတွက် စီးပွားရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများဆိုင်ရာ အတတ်ပညာသင်တန်းများကိုပါ ကူညီပေးသည်။[137]

AAR ဂျပန်သည် ရန်ကုန်မြို့တွင် ၎င်း၏ဌာနတွင် မသန်စွမ်းများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများ ပေးသည်။[138] ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတာဝန်ယူမှုရှိသောစီးပွားရေးဌာန နှင့် AAR ဂျပန် သည် လူမှု ဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ပြုစုပျိုးထောင်ရေးဌာန အကူအညီနှင့်အတူ သက်ဆိုင်သူများအစည်းဝေးကို ကျင်းပခဲ့သည်။မသန်စွမ်းသူများ အလုပ်ခန့်အပ်ခြင်း လက်စွဲ စာအုပ်မူကြမ်းနှင့်ပတ်သက်၍ အကြံဉာဏ်ရယူရန် ဖြစ်သည်။[139]

---

129. Susan Becker, "Progress towards health systems strengthening in Myanmar," Journal of Global Health Reports, Vol. 2, 30 March 2018.
130. ICRC Physical Rehabilitation Programme (PRP), "Annual Report 2018," Geneva, 2019, p. 45.
131. HI, "Federal Information – Country Card: Myanmar," September 2018.
132. "Health workers are still needed in KNU areas, KDHW says," BNI, 5 September 2018.
133. ICRC, "Annual Report 2017," Geneva, 2018, p. 327.
134. ICRC, "Annual Report 2018," Geneva, 2019, p. 366.
135. ICRC PRP, "Annual Report 2018," Geneva, 2019, p. 45.
136. DDG, "DDG Study Aims to Counter Rise in Victims from Mines in Myanmar," 16 January 2018.
137. DRC/DDG, "Factsheet Kayah State, 2018," 2018.
138. AAR Japan, "Annual Report 2018: April 2018-March 2019," undated but 2019, p. 17.
139. Myanmar Center for Responsible Business, "Workshop to Consult Government Departments on the Draft Handbook on Employment of Persons with Disabilities," 23 August 2018.

HI သည် အမေရိကန်ပြည်ထောင်စု ထောက်ပံ့သော မြန်မာနိုင်ငံလူသားချင်းစာနာသော မိုင်းအရေးလှုပ်ရှားမှုကို ဆောင်ရွက်သည်။ ကရင်ပြည်နယ်အတွင်း မြို့နယ်သုံးခု နှင့် အရှေ့တောင်ဖက်ခြမ်းဒေသအတွင်းရှိ ပဲခူးအရှေ့ ဖက်ခြမ်းဒေသတွင် မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအဖွဲ့ (MPHA) နှင့်ပူးပေါင်း၍ လူမှု-စီးပွား ဖွံ့ဖြိုးမှု အားလုံးပါဝင်ခွင့် နှင့် အားလုံးအတွက် လူသားလူခြုံမှုလုပ်ငန်းများ ဆောင်ရွက်သည်။[140]

ICRC/သို့မဟုတ် အမျိုးသားလူမှုအဖွဲ့အစည်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း ပဋိပက္ခကြောင့် ဘေးဒုက္ခရောက်သူပြည်သူများနှင့် တခြား အကြမ်းဖက်မှုခံရသူ ပြည်သူများအတွက် ရုပ်ပိုင်းဆိုင်ရာ အကူအညီများပေးခဲ့သည်။ ICRCသည် ရခိုင်မြောက်ဖမ်းခြမ်းဒေသအတွင်း အကြမ်းဖက်မှုခံရသော မိသားစုဝင်များအတွက် ဝင်ငွေ ငွေသားအထောက်အပံ့ပေးခြင်းကို ကန့်သတ်ခံရပြီး အိမ်ထောင်စုများအတွက် မရှိမဖြစ် လိုအပ်ချက်ပစ္စည်းများ၊ စိုက်ပျိုးရေးပစ္စည်းများဖြင့် ဖေဂုပေးခြင်းဖြင့် ပြန်လည်အစားထိုးခဲ့သည်။[141]

၂၀၁၈ ခုနှစ်တွင် World Education အဖွဲ့က အောက်ခြေ ကိုယ်ထူကိုယ်ထ မသန်စွမ်းသူများ အဖွဲ့ငယ်များကို စွမ်းရည်များမြှင့်တင်ပေးခဲ့သည်။ ထိုသို့မြှင့်တင်ပေးခြင်းဖြင့် ၎င်းတို့သည် ဒေသန္တရ နှင့် ပြည်နယ်အဆင့် ဆောင်ရွက်သူများဖြင့် ပူးပေါင်းဆောင်ရွက်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မှု တိုးမြှင့်နိုင်ခြင်း၊ ဆုံးဖြတ်ချက် ချလုပ်ငန်းများနှင့် မူဝါဒရေးဆွဲခြင်း လုပ်ငန်းများတွင် ၎င်းတို့ပါဝင်မှု တိုးမြှင့်လာနိုင်မည်ဖြစ်သည်။ ကယားနှင့် ပဲခူးတွင် မသန်စွမ်းမှုနှင့်ငြိမ်းချမ်းရေ ဖိုရမ်နှစ်ခုကို တာဝန်ခံဆောင်ရွက်ပေးခံခြသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ထောက်ပံ့ခြင်း၊ မိုင်း/ERW ထိခိုက်ခံရသူများနှင့် တခြား မသန်စွမ်းသူများ အတွက် ဆေးဝါး အကူအညီပေးခဲ့သည်။ Grapes for Humanity Global Foundation ၏ အထောက်အပံ့နှင့် ဆောင်ရွက်ခဲ့ သည်။[142] World Education အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အတွင်း ကိုယ်ထူကိုယ်ထ အဖွဲ့များကို ထောက်ပံ့ပေးခဲ့သည်။ ကယားပြည်နယ်နှင့် မွန်ပြည်နယ်များတွင် ဝန်ဆောင်မှုပေးသူများ လမ်းညွှန် တစ်ခုအတွက် အချက်အလက်များ စုဆောင်းခြင်း၊ ဘာသာပြန်ပေးခြင်း၊ ထုတ်ဝေ ဖြန့်ချိခြင်းများ ဆောင်ရွက်ပေးခဲ့သည်။[143]

UNICEF အစီရင်ခံမှုအရ ကလေးမသန်စွမ်းဦးရေ ၈၇ ရာခိုင်နှုန်းသည် ဆရာဝန်ထံ သွားရောက်ပြသခြင်းမရှိသလို ၂၀ ရာခိုင်နှုန်းက ကျောင်းတွင် အနိုင်ကျင့်ခံရသည်ဟု ပြောဆိုကြောင်း သိရသည်။[144]

၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အလှူရှင် ၆ နိုင်ငံက အမေရိကန်ဒေါ်လာ ၂.၉ သန်းလှူဒါန်းခဲ့ သည်။ ၂၀၁၇ သို့မဟုတ် ၂၀၁၆ တွင် ရရှိခဲ့သော ငွေကြေးထက် ထက်ဝက်နီးပါး နည်းပါခဲ့သည်။[145]

## မိုင်းအရေးဆောင်ရွက်မှု အထောက်အပံ့များ

နိုင်ငံတကာမှ ထည့်ဝင်မှုများသည် နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူခြင်း၊ အန္တရာယ် လျော့ချရေးပညာပေးခြင်း သို့မဟုတ် ICRC နှင့် တခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တဆင့် ထိခိုက်နစ်နာသူများအတွက် အကူအညီပေးသော လုပ်ငန်းများအတွက် ဖြစ်ခဲ့သည်။

---

140. HI, "Federal Information – Country Card: Myanmar," September 2018.

141. ICRC, "Annual Report 2018,"Geneva, 2019, p. 368.

142.World Education, "Engaging Persons with Disabilities in the Peace Process in Myanmar," 2018; and World Education, "Where We Work. Myanmar," undated.

143. Email from Khin Mar Aung, Director, World Education Myanmar, 25 October 2018.

144.UNICEF, "Children with disabilities: Ensuring inclusive policy and action to provide access to services," undated.

145. Response to Monitor questionnaire by Frank Meeussen, Disarmament, Non-Proliferation and Arms Export Control, European External Action Service, 30 September 2019; Germany, Mine Ban Treaty Article 7 Report, Form J, 4 April 2019; Ireland, Convention on Cluster Munitions Article 7 Report, Annex, 2 April 2019; and Mine Ban Treaty Article 7 Report, April 2019; Norway, Convention on Cluster Munitions Article 7 Report, Annex, 30 April 2019; Switzerland, Convention on Cluster Munitions Article 7 Report, Form I, 24 April 2019; and United Kingdom, Mine Ban Treaty Article 7 Report, Form J, 30 April 2019.

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှုများ - ၂၀၁၆**[146]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံများ၏ငွေကြေး) | ပမာဏ ($) |
|---|---|---|---|
| ဆွစ်ဇာလန် | အန္တရာယ်လျော့ချရေးပညာပေးခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | CHF980,000 | 1,001,635 |
| ဥရောပသမဂ္ဂ | အန္တရာယ်လျော့ချရေးပညာပေးခြင်း | €445,962 | 526,993 |
| ဂျာမဏီ | မိုင်းသင့်ဒဏ်အကူအညီ | €400,000 | 472,680 |
| အင်္ဂလန် | အန္တရာယ်လျော့ချရေးပညာပေးခြင်း | £314,044 | 419,657 |
| နော်ဝေ | အန္တရာယ်လျော့ချရေးပညာပေးခြင်း | NOK3,000,000 | 368,922 |
| အိုင်ယာလန် | မိုင်းရှင်းလင်းခြင်း | €70,000 | 82,719 |
| **စုစုပေါင်း** | | | **2,872,606** |

၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ပေးသော နိုင်ငံတကာအကူအညီများသည် အတက်အကျ သိသိ သာသာ တွေ့ရပြီး စုစုပေါင်း ဒေါ်လာ ၂၅ သန်းထက်မနည်းရှိနေပြီဖြစ်သည်။

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၁၄ မှ ၂၀၁၈ အထိ** [147]

| နှစ် | နိုင်ငံတကာအကူအညီများ ($) |
|---|---|
| ၂၀၁၈ | 2,872,606 |
| ၂၀၁၇ | 6,725,763 |
| ၂၀၁၆ | 6,525,640 |
| ၂၀၁၅ | 6,240,315 |
| ၂၀၁၄ | 3,386,230 |
| **စုစုပေါင်း** | **25,750,554** |

146. ၂၀၁၆ ခုနှစ်အတွက် ယေဘုယျငွေလဲနှုန်း: €1=US$1.1072; NOK8.3936=US$1; £1=US$1.3555; CHF0.9848=US$1. US Federal Reserve, "List of Exchange Rates (Annual)," 4 January 2017.
147. Monitor အစီရင်ခံစာအဟောင်းများကိုကြည့်။ Total for 2017 has been rectified as a result of revised US funding data.

**ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ စောင့်ကြည့်ကြပ်မတ်ခြင်း ၂၀၁၉ ခုနှစ်**

**အကျဉ်းချုပ်**

သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခြင်းမရှိသေးသော မြန်မာနိုင်ငံသည်ထပ်ဆင့် ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများ၏ လူသားချင်းစာနာသော ဆိုးကျိုးသက်ရောက် မှုများ ရှိခြင်းကို အသိအမှတ်ပြု သော်လည်း ပါဝင်လက်မှတ်ရေးထိုးရန်အတွက်တော့ မည်သည့်လုပ်ဆောင်မှုကိုမှ ဆောင်ရွက်ခြင်းမရှိသေးပေ။ ၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သော သဘောတူစာချုပ်အစည်းအဝေးသို့ မြန်မာနိုင်ငံသည် နောက်ဆုံးအကြိမ် အဖြစ် တက်ရောက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် သဘောတူညီချက် ဆိုင်ရာ အဓိက UN ဆုံးဖြတ်ချက်တွင် မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လက်လွှဲပြောင်းခြင်း မရှိဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုသည်။ သို့သော် မြန်မာနိုင်ငံသည် ခေတ်မီ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းနှင့် ပုံစံတူသည့် "ထပ်ဆင့်ပေါက်ကွဲ ပုံစံတူ" ရှိကြောင်း နှင့် ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ကချင်ပြည်နယ်တွင် အသုံးပြုခဲ့ကြောင်း စွပ်စွဲ ပြောဆိုမှုများ ရှိခဲ့သည်။

**ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း မူ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခု မဟုတ်ပေ။[148] မြန်မာနိုင်ငံက "ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို တနိုင်ငံလုံး ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိပြီးသည့်နောက်ပိုင်းမှသာ ထည့်သွင်းစဉ်းစားပြီးမှသာ စဉ်းစားနိုင်မည်" ဟုတင်ပြခဲ့သည်။[149]

၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံက ၎င်းသည် သဘောတူစာချုပ်တွင် ပါဝင်မည့် ၎င်း၏ရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ကြောင်းနှင့် "အထိန်းအကွပ်မရှိ နေရာအနှံ့ သတ်ရောက်စေသော လက်နက်များ .......လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုးသတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များကို ကာကွယ်ဟန့်တားရန်" ၎င်းအနေဖြင့် ရည်ရွယ်သည်ဟု ပြောဆိုခဲ့သည်။[150] မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလိုအစည်အဝေး (Oslo Process) ၏ ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် သဘောတူစာချုပ်အစည်းအဝေး၏ အစည်းအဝေးများသို့ လေ့လာသူအဖြစ်တက်ရောက်ခဲ့ဖူး သော်လည်း ၂၀၁၃ ခုနှစ်မှစ၍ တက်ရောက်ခြင်းမရှိတော့ပေ။[151] ၂၀၁၉ ခုနှစ် ဖွန်လ ၁၈-၁၉ ဖိလစ်ပိုင်နိုင်ငံ မနီလာနှင့် ၂၀၁၉ ခုနှစ် ဧပြီလ လာအိုနိုင်ငံ ဗီယက်ကျမ်းတွင် ကျင်းပခဲ့သော သဘောတူစာချုပ်၏ ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်ခဲ့သည်။[152] ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် သဘောတူညီချက်ဆိုင်ရာ UN ဆုံးဖြတ်ချက်တွင် မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက် အဖွဲ့ဝင်နိုင်ငံများအား ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် အမြန်ဆုံးပါဝင်ကြရန် အကြံပြုထား သည်။[153] ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ် စတင်မိတ်ဆက်ခဲ့သော

148. The military regime changed the name from Burma to Myanmar in 1989, but many ethnic groups in the country and a number of states still prefer to use the name Burma.

149 Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 15 October 2015. In 2013, Myanmar expressed concern at the humanitarian impact of cluster munitions but did not elaborate its position on accession. Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 30 October 2013; and statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 24 October 2012.

150. Myanmar, Explanation of Vote on Resolution L.41, 72nd Session, UNGA First Committee, New York, 31 October 2017, UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

151. Myanmar participated as an observer in the convention's annual Meetings of States Parties in 2010 and 2012 and then its intersessional meetings in 2013. Myanmar has not attended a meeting of the convention since 2013.

152. Regional Seminar on Landmines, Cluster Munitions and Explosive Remnants of War, Vientiane, Lao DPR, 29–30 April 2019. See, "Experts Discuss Landmine-related Risks At A Regional Seminar," Lao News Agency, 2 May 2019; and "Asia-Pacific Workshop on CCM Universalization," Convention on Cluster Munitions Quarterly Newsletter, April 2019.

153. "Implementation of the Convention on Cluster Munitions," UNGA Resolution 73/54, 5 December 2018.

သဘောတူစာချုပ် မြှင့်တင်ခြင်း UNGA နှစ်ပတ်လည် ဆုံးဖြတ်ချက်ချခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံကမဲမပေးကြားနေအဖြစ် ဆက်လက်ရပ်တည် လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် မိုင်းအသုံးပြုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်မဟုတ်ပေ။ ထို့အပြင် သမာရိုးကျ လက်နက်များ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံလည်း မဟုတ်ပေ။

## အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

၂၀၀၉ ခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင်ဤသို့ ပြောဆို ခဲ့သည်။ "မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ၊ ဖွံ့ဖြိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း၊ တခြားသူတစ်ဦးထံ တိုက်ရိုက်သို့မဟုတ် သွဲ့ဝိုက်၍ လွှဲပြောင်းခြင်း၊ သို့မဟုတ် ကူညီခြင်း၊ ဤ သဘောတူညီချက်အရ တားမြစ်ထားသော လုပ်ငန်းများကို တခြားတဦးဦးအား လုပ်ဆောင်ရန် အားပေးခြင်း၊ ဆွဲဆောင်ခြင်းများ မပြုလုပ်ပါ။"[154] ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းအား " အထိန်းအကွပ်မရှိ နေရာ အနှံ့ သတ်ရောက် စေသော လက်နက်များ .......လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုး သတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များ။" ဟု မြန်မာနိုင်ငံက ပြစ်တင် ဝေဖန်ခဲ့သည်။[155]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအသုံးပြုခြင်းကိုငြင်းဆန်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံက အောက်ပါအတိုင်း ပြောဆိုခဲ့သည်။ "မိမိတို့၏ လက်နက်ကိုင် တပ်ဖွဲ့များသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို မည်သည့် စစ်ဆင်ရေးတွင်မှ အသုံးပြုခဲ့ခြင်းမရှိပေ။"[156]

မြန်မာနိုင်ငံသည် ၁၂၂ မီလီမီတာ အမျိုးအစား ၈၁ နှင့် ၉၀ ဘီ အမျိုးအစား နှင့် မြေပြင်မှ မြေပြင်ပစ် ၂၄၀ မမ ရော့ကက်လောင်ချာတို့ ပိုင်ဆိုင်သည်။ သို့သော် ၎င်းကျည်များတွင် ထပ်ဆင့်ပေါက်ကွဲ ပုံစံများ ပါမပါတော့ မသိနိုင်ပေ။[157]

## ယခင်ကာလ စွတ်စွဲပြောဆိုမှုများ

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက် "Cluster adapter" တစ်ခု လက်ဝယ်ရရှိခဲ့ပြီး ၂၀၁၂ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်း မြောက်ပိုင်းဒေသ ကချင်လွတ်လပ်ရေးတပ်မတော်နှင့် တပ်မတော် တိုက်ပွဲများတွင် အသုံးပြုခဲ့သည်ဟု ပြောဆိုမှုများရှိခဲ့သည်။[158] အဆိုပါလက်နက်သည် ခေတ်မှီထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်နှင့် ပုံစံတူသည်။ ဂန်းဒုံရမ်တွင် တပ်ဆွဲ ထားသော အစိုးရတပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ တွင် ကချင်ပြည် တောင်ဖက်ခြမ်း လိုင်ဇာအနောက်ဖက် ၅ မိုင် အကွာတွင် ရှိသော မဟာဗျူဟာအရ အရေးပါသည့် ခါယာဘန် တောင်ကုန်း တိုက်ခိုက်မှုတွင် KIA တပ်ဖွဲ့များအား ထပ်ဆင့်ပေါက်ကွဲ လက်နက်များနှင့် တိုက်ခိုက်ခဲ့သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။[159]

HRW သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အစိုးရတပ်များက လိုင်ဇာကို လေကြောင်း တိုက်ခိုက်မှု လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။[160] အလားတူပုံးအစများကို တိုက်ပွဲဖြစ်သည့်နေရာမဟုတ်သော နေရာတခုသို့ ကားဖြင့်သယ်ဆောင် သွားသည့် ဓါတ်ပုံများကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က လက်ခံရရှိခဲ့သည်။[161] ဓါတ်ပုံတွင် မြင်တွေ့ရသည့် "ထပ်ဆင့်ပေါက်ကွဲပုံစံတူ" နှင့် ပေါင် ၂၀ လေးသော ဖြန့်ထွက် ဗုံးများသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထိန်းချုပ်ခြင်း သဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်း ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်။[162]

---

154. ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။
155. Ibid.
156. မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။
157. "မြန်မာနိုင်ငံကာကွယ်ရေးလက်နက်များ။၂၀ မတ်လ ၂၀၁၄။ လုဦး၏ မြန်မာ့တပ်မတော်၏ MRLSသို့မဟုတ်ရော့ကက်မျိုးစုံပစ်နိုင်သောစနစ်ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုမှု။ ၂၃၊မတ် ၂၀၁၄။
1578.မြန်မာအစိုးရစစ်တပ်သည် ဖြန့်ထွက်ဗုံးခြောက်လုံးတပ်ဆင်ခဲ့ပြီး လေယာဉ်ပေါ် မှ ကြဲချသည့်အချိန်တွင် ဗုံးချိတ်တွဲမှ သီးခြား ခွဲထွက်သည်ဟူသော သက်သေများ ရှိသည်။
159. "လိုင်ဇာအနီး KIO အဓိကစခန်းအား သိမ်းယူရန် အစိုးရစစ်တပ်သည် ထပ်ဆင့်ကွဲဗုံးများ အသုံးပြုခဲ့သည်။ ကချင်သတင်းအဖွဲ့။ ၂၆ ဇန် ၂၀၁၃။
160. HRW သည် ၂၀၁၃ ခုနှစ် ဇန် ၁၄ ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ အရပ်သား ၃ ဦး သေဆုံးခဲ့သည်။ HRW သတင်းထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်း မဆင်မခြင် တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။
161. ဘာတေးလင့်တနာထံမှ အီးမေး၊၂၅ မတ် ၂၀၁၃
162.ဓါတ်ပုံတွင်မြင်တွေ့ရသော ဗုံးချိတ်တံများသည် အမေရိကန်ထုတ် M1တပ်ဆင့်ပေါက်ကွဲလက်နက်နှင့်ဆင်တူသည်။ ဖြန့်ထွက်ဗုံး အသေးများသည် ခေတ်မှီပုံစံများဖြစ်ပြီး ဒုတိယကမ္ဘာစစ်သုံးစစ်လက်နက်ပစ္စည်းများကပိုကောင်းသည်။အမည်မဖော် လိုသူစစ်သားတဦးက ၎င်းလက်နက်ကိုမြန်မာပြည်တွင်ထုတ်သည်ဟု အတည်ပြုသည်။ ထို့အပြင် မြန်မာ့တပ်မတော်သည် ၎င်းလက်နက်များ သုံးသည်ဟုလည်းစစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးအရာရှိဟောင်းတဦးက အတည်ပြုခဲ့သည်။။